# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 March 2024 ၁၁၃၉၉


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

### ရန်ကုန်တိုင်းဒေသကြီးအတွင်း အင်္ဂလိပ်စာဘာသာရပ်၌ ကျောင်းသား ကျောင်းသူ ၁၈၀၄၅ ဦး ဝင်ရောက်ဖြေဆို

ရန်ကုန် မတ် ၁၂

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုလျက်ရှိရာ စနစ်သစ်ပထမနေ့၌ မြန်မာစာဘာသာရပ်ကို ၁၂၈၈၀၁ ဦး ဖြေဆိုခဲ့ပြီး ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ဖြေဆိုခဲ့ကြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးခြားမှုတစ်ခုအဖြစ် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ အသက် ၆၂ နှစ်ရှိ ဦးစိန်မြင့် ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ယနေ့ အင်္ဂလိပ်စာ ဘာသာရပ်နေ့တွင်လည်း ဘာသာရပ်အပေါ် စိုးရိမ်မှုကင်းစင်စွာ ဖြေဆိုနိုင်ခဲ့သောကြောင့် မိသားစုနှင့်အတူ ဝမ်းမြောက် ဂုဏ်ယူလျက်ရှိပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေကြစဉ်။ ဓာတ်ပုံ- ဇော်မင်းလတ်(MNA)

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၁၂

| | | |
|---|---|---|
| တောင်တွင်းကြီး | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| ရမည်းသင်း | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၉ | ဒီဂရီဆဲလ်စီးယပ် |


**ယနေ့ ဖတ်စရာ**

ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း
စာမျက်နှာ » ၃

၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန် မောင်/မယ်များနှင့် တွေ့ဆုံမေးမြန်းခြင်း
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂

နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်ဖို့ နိုင်ငံတော်ကာကွယ်ရေးတာဝန် ပါဝင်ထမ်းဆောင်ကြပါစို့
ဆောင်းပါး စာမျက်နှာ » ၁၆


မိမိ၏ အကုသိုလ်စေတနာဇောက ပြင်းလျှင်ပြင်းသလောက် ဝဋ်လည်ခြင်းရဟတ်သည်လည်း လျင်မြန်စွာ ကိုယ့်ဆီတည့်တည့် ပြန်ရောက်လာတတ်ပုံများကို ထိုဖောက်ခဲ့ရေးသမားတို့ကြောင့် သာဓကထင်ရှားစွာ မြင်ခဲ့ကြရပါ၏။ ငရဲကလွတ်ကောင်းလွတ်နိုင်သေး၏။ ကုသိုလ်ကောင်းမှုများများပြုသော် လွတ်မည်ဆို၏။ “ဝဋ်တုံ့ဝဋ်ကြွေးကား မရမနေပေးဆပ်ရသည်” ဟု ကြားဖူး၏။

ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

# မီးဘေးအန္တရာယ် ကြိုတင်သတိပြုကာကွယ်

နွေဦးရာသီ ယခုအချိန်ကာလတွင် ပုံမှန်နွေကာလထက် အပူချိန်ပိုမိုလွန်ကဲမည့် လက္ခဏာများကို ကြုံတွေ့ကြရမည်ဖြစ်သည်။ အကြောင်းမှာ အင်အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့မှု ပိုလာခြင်းဖြစ်သည်။ လက်ရှိတွင် နေ့ပူပြီး နံနက်/ည အအေးဓာတ်ရှိသဖြင့် အပူအအေးကွာခြားမှု အပြောင်းအလဲကြောင့် လူတို့၏ကျန်းမာရေးကို အထူးသတိပြုရမည်ဖြစ်သည်။

နွေကာလအတွင်း နေ့အပူချိန်များ တစ်စတစ်စ မြင့်မားလာမည်ဖြစ်ပြီး ယခုမတ်လတွင် မြန်မာနိုင်ငံဒေသအချို့၌ ပျမ်းမျှအပူချိန်ထက် ၁ ဒီဂရီဆဲလ်စီးယပ်မှ ၃ ဒီဂရီဆဲလ်စီးယပ်အထိ အပူချိန်မြင့်တက်လျက်ရှိသည်။ နွေရာသီကာလ အပူချိန်မြင့်မားမှုသည် တစ်နှစ်ထက်တစ်နှစ် ဆက်တိုက်မြင့်မားလျက်ရှိပြီး လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ကာလကထက် အပူချိန် ငါးဆကျော်မြင့်မားလာသည်။ အပူချိန်မြင့်မားသော မန္တလေးမြို့၌ မကြာသေးမီက မီးလောင်မှုအချို့ ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့သည်။

ယမန်နှစ် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှုအကြိမ် ၁၇၀၀ နီးပါးဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၅ ဘီလီယံကျော်ရှိခဲ့ပြီး သေဆုံးသူ ၇၇ ဦးနှင့် ဒဏ်ရာရသူ ၁၉၃ ဦးရှိကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။ မီးလောင်မှုဖြစ်စဉ်များတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂၃၂ ကြိမ်လောင်ကျွမ်းခဲ့ပြီး ရှမ်းပြည်နယ်တွင် ၁၈၃ ကြိမ်ဖြင့် ဒုတိယအများဆုံးနှင့် မန္တလေးတိုင်းဒေသကြီးတွင် ၁၇၅ ကြိမ်ဖြင့် တတိယအများဆုံး မီးလောင်ခဲ့သည်။ ယခု ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ နှစ်လတာကာလအတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှု ၂၉၁ ကြိမ် ဖြစ်ခဲ့သည်။

မီးလောင်မှုများဖြစ်ပွားရာတွင် လူတို့၏ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားရခြင်း နည်းပါးလာပြီး တောမီး၊ ကိုင်းမီး၊ မြက်ခြောက်မီးနှင့် အမှိုက်ပုံမီးများ လောင်ကျွမ်းမှုပိုလာသည်။ ထို့ပြင် မော်တော်ယာဉ်မီးလောင်မှုများလည်း ရှိခဲ့သည်။ မီးလောင်ကျွမ်းမှုတွင် လောင်စာဆီများ အမြဲအသင့်ရှိသည့်ယာဉ်များ မတော်တဆမှုကြောင့် မီးလောင်မှုမှာ သတိပြုဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံသာမက ကမ္ဘာတစ်ဝန်းတွင်ပါ ပူပြင်းသောနွေရာသီကာလ၌ အလိုအလျောက် မီးလောင်တတ်သော တောမီး၊ အမှိုက်မီးလောင်ကျွမ်းမှုများမှာ အထူးသတိပြုဖွယ်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် တောမီးလောင်မှုများ နှစ်စဉ် အကြိမ်ကြိမ်ဖြစ်ပွားခဲ့ရာ သစ်တောသစ်ပင် ဧကများစွာ၊ မြို့ပြအဆောက်အအုံများ၊ ကျေးလက်နေအိမ်များ၊ လူနှင့်တိရစ္ဆာန်များ များစွာသေကျေပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရသည်။ ၂၀၂၃ ခုနှစ်က ကနေဒါနိုင်ငံတွင် တောမီးလောင်မှုကြောင့် သစ်တောဆုံးရှုံးမှု စံချိန်တင်မြင့်မားခဲ့ပြီး သမိုင်းတစ်လျှောက်တွင် အမေရိကန်၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့သည် တောမီးလောင်မှုအဖြစ်အများဆုံး နိုင်ငံများအဖြစ် စံချိန်တင်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာဖြစ်ပေါ်သည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားရခြင်းတွင် တောမီးလောင်မှုသည် အဓိကအကြောင်းရင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နွေရာသီကာလ၌ သစ်တောများထက် တောတောင်များတွင် တောမီးလောင်မှုများ အများဆုံးတွေ့ရတတ်သည်။ တောမီးများကြောင့် လူနေအဆောက်အအုံများ ဆုံးရှုံးမှုနည်းပါးလှသည်။ သစ်ပင်သစ်တောများနှင့် စိမ်းလန်းနေသော တောတောင်များသည် နွေရာသီကာလတွင် တောမီးလောင်ကျွမ်းမှုကြောင့် တောင်ကတုံးများ ဖြစ်ကြရသည်။ မိုးတွင်းကာလ အားယူပေါက်ရောက်လာသော သစ်ဝါးပျိုးပင်များသည် နွေရာသီကာလ တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးသွားသည်။ နွေရာသီကာလ၌ တောတောင်များတွင် မီးသွေးဖုတ်သူများကြောင့် တောမီးလောင်မှုများ ဖြစ်လာရသည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ လူတို့၏ နေထိုင်မှုစနစ် ပြောင်းလဲလာမှုနှင့် အသိပညာဗဟုသုတ မြင့်မားလာမှုကြောင့် မြို့ပြများတွင် မီးလောင်မှုနည်းသွားသော်လည်း တောမီးလောင်မှု အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာကာကွယ်မှုအတွက် တောမီးကို အထူးသတိပြုရမည်ဖြစ်သည်။ တောတောင်၊ သစ်တောများနှင့်နီးစပ်သော ကျေးရွာများအနေဖြင့် နွေရာသီကာလတွင် မီးတားလမ်းများ ဖောက်လုပ်ထားခြင်း၊ မြက်ခြောက်၊ သစ်ခြောက်နေရာများတွင် ဆေးလိပ်တိုများ စည်းကမ်းမဲ့ သတိမမူလွှင့်ပစ်ခြင်းကို ရှောင်ရှားခြင်း၊ အမှိုက်မီးရှို့လျှင် လုံးဝမီးငြိမ်းသတ်နိုင်အောင် ဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း၊ တောမီးရှို့သူများကို ပညာပေးခြင်း၊ အရေးယူခြင်းစသည်ဖြင့် တားဆီးကာကွယ်မှုများကို ပြုလုပ်ရမည်ဖြစ်သည်။ မြို့ပြများအနေဖြင့် လျှပ်စစ်သုံးစွဲမှု၊ လောင်စာဆီထားရှိမှု၊ မီးလောင်လွယ်သော ပစ္စည်းများထားရှိမှုတို့ကို ကြိုတင်သတိပြု ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ်နွေရာသီကာလတွင် အပူရှိန်ပြင်းထန်မှုနှင့်အတူ အယ်လ်နီညိုဖြစ်စဉ်ဖြစ်ပွားနေ၍ ပူပြင်းခြောက်သွေ့မှု ကြီးကြီးမားမားဖြစ်လာနိုင်ရာ လူတို့နှင့် သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သော သစ်ပင်၊ နေအိမ်အဆောက်အအုံ၊ ယာဉ်များ မီးလောင်ကျွမ်းမှုမဖြစ်ပွားအောင် သတိပြုကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## သဲကုန်းမြို့နယ်၌ အသံမစဲဥပ္ပါတသန္တိသုတ်တော်ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

သဲကုန်း မတ် ၁၂

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ပြည်သူများ ဘေးဥပဒ်အန္တရာယ်အပေါင်းမှ ကင်းဝေးစေရန်အတွက် ယနေ့ နံနက် ၉ နာရီက အသံမစဲဥပ္ပါတသန္တိသုတ်တော်ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို မြို့မရပ်ကွက် မိုးကောင်းဘုရားကြီးဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် တက်ရောက်လာကြသူများက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဦးဩသဓထံမှ ငါးပါးသီလဆောက်တည်ကာ ဩဝါဒကထာ မိန့်ကြားခြင်းကို နာယူခဲ့ကြသည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ အင်းမမြို့ သိမ်ကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဦးသောဘနက စိန်ရောင်ခြည်ဘုရားပင့်ဂါထာရွတ်ဖတ်ပူဇော်ခြင်း၊ သဲကုန်းမြို့ သီတဂူတပ်အလယ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိစာရက နတ်ဖြဟ္မာများအား ပင့်ဖိတ်၍ သံဃာတော်အရှင်သူမြတ်တို့မှ ဥပ္ပါတသန္တိသုတ်တော်အား အလှည့်ကျဖြင့် စတင်ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ အဆိုပါရွတ်ဖတ်ပူဇော်ပွဲကို မတ် ၁၂ ရက်မှ ၂၁ ရက်အထိ နေ့စဉ်



ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဦးဩသဓနှင့် ပင့်သံဃာတော် ၁၀ ပါး၊ တိုင်းဒေသကြီး သာသနာရေးမှူးရုံးခွဲ (ပြည်)၊ ဒုတိယညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးမှူး ဦးစိုင်းဝင်းသိန်းဦး၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၁,၉၀၃ | ၁၅,၇၉၄,၉၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၁,၉၈၁ | ၅,၆၅၃,၅၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၂၃၀ | ၃၄၅,၀၀၀ |
| TMH | ၂,၃၅၀ | ၂,၅၀၀ | ၂၂ | ၅၄,၈၅၀ |
| EFR | ၁,၇၀၀ | ၁,၈၀၀ | ၁၀၆ | ၁၈၀,၇၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၀ | ၉၄,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁,၂၂၈ | ၂,၀၉၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၇ / ၂၀၂၄)

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (ဠ)၊ (ဗ)၊ (ရ) နှင့် (လ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်- .

“(ဠ) သိုလှောင်ခြင်းဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီ နေရာတစ်ခုခုတွင် ထားသိုခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သောလမ်းကြောင်းဖြင့် သယ်ယူနေစဉ်အတွင်း ခေတ္တထားသိုခြင်းမပါဝင်။

(ဗ) သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ စွမ်းအင်ဝန်ကြီးဌာနမှတစ်ပါး ဤဥပဒေပါ ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ရ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(လ) ဝန်ကြီးဆိုသည်မှာ ပြည်ထောင်စုအစိုးရ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၈ /၂၀၂၄)

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင် စေရမည်။

၂။ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

**“(ခ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။”**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ် Mr.Carl Johan Orrenius Skau ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme–WFP)၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ် (Chief Operation Officer) Mr. Carl Johan Orrenius Skau ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်တို့သည် မြန်မာနိုင်ငံအတွင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)အနေဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးတို့ တက်ရောက်ကြပြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်နှင့်အတူ WFP ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. John Aylieff၊ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephen Anderson အပါအဝင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme –WFP) မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

သတင်းစဉ်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၂

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေး အရာရှိချုပ် Mr. Carl Johan Orrenius Skau အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာအစိုးရနှင့် WFP အကြား လက်ရှိ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် အနာဂတ်တွင် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည့် ကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ Mr. Carl Johan Orrenius Skau ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲအားလေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံသို့ ထွက်ခွာ



နေပြည်တော် မတ် ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲအား လေ့လာရန်နှင့် မော်စကိုမြို့တွင် ကျင်းပမည့် International Scientific and Practical Conference သို့တက်ရောက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ ထွက်ခွာသွားကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်နှင့် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲအား လေ့လာခြင်းနှင့် International Scientific and Practical Conference သို့ တက်ရောက်ခြင်းအားဖြင့် ရုရှားနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံနည်းစနစ်များ၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှု နည်းလမ်းများ၊ ရွေးကောက်ပွဲတွင် နည်းပညာအသုံးပြုဆောင်ရွက်နေမှုများကို လေ့လာ သိရှိနိုင်မည့်အပြင် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာသူများအကြား အမြင်ချင်းဖလှယ်ဆွေးနွေးခွင့်များ၊ အတွေ့အကြုံမျှဝေခွင့်များ ရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မော်တော်ယာဉ်များအကြောင်း သိကောင်းစရာနှင့် အသေးစားပြုပြင်ခြင်းဆိုင်ရာနည်းပညာ ဟောပြောပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်အမှာစကားပြောကြား



နေပြည်တော် မတ် ၁၂

မော်တော်ယာဉ်များအကြောင်း သိကောင်းစရာနှင့် အသေးစားပြုပြင်ခြင်းဆိုင်ရာ နည်းပညာဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် နည်းပညာဟောပြောမည့် ကျွမ်းကျင်ပညာရှင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မော်တော်ယာဉ်မောင်းများ အပါအဝင် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိကိုယ်ပိုင်ယာဉ်၊ ဌာနပိုင်ယာဉ်များ၏ အသေးစားပြုပြင်မှုများကို မိမိတို့ကိုယ်တိုင် မှန်ကန်မြန်ဆန်စွာ ပြုပြင်နိုင်ခြင်းဖြင့် ယာဉ်ပျက်စီးမှုများ၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများကို ခြိုးခြံချွေတာနိုင်မည်ဖြစ်ပါကြောင်း၊ ဤဟောပြောပွဲမှ မိမိတို့ဝန်ထမ်းတစ်ဦးချင်းစီ အသိပညာဗဟုသုတများ များစွာရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံ ဘဏ္ဍာရန်ပုံငွေများဖြင့် ကျခံ ဆောင်ရွက်ထားသည့် မော်တော်ယာဉ်များ ဖြစ်သည့်အတွက် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်၊ အန္တရာယ်ကင်းစေရန်၊ မိမိတို့ကိုယ်တိုင် ယာဉ်နှင့်စက်ကိရိယာများအကြောင်း သိရှိပြီး စနစ်တကျထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ ဟောပြောပွဲကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယာဉ်မောင်းများနှင့် ဝန်ထမ်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအပြင် မော်တော်ယာဉ်နှင့်ပတ်သက်ပြီး နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းချက်များအား သိရှိနားလည် သဘောပေါက်ကြမှသာ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မည်ဖြစ်ပါကြောင်း၊ ယာဉ်မောင်းများအနေဖြင့် မိမိမော်တော်ယာဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်ရုံသာမက ယာဉ်နှင့်ပတ်သက်ပြီး ဖွဲ့စည်းတည်ဆောက်မှု၊ လည်ပတ်အသုံးပြုမှုစနစ်များကို သိရှိရန်လည်းလိုပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနက ကျွမ်းကျင်ပညာရှင်များခေါ်ယူပြီး နည်းပညာဟောပြောပွဲ ပြုလုပ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျွမ်းကျင်ပညာရှင်များက မော်တော်ယာဉ်ဆိုင်ရာ အခြေခံဖွဲ့စည်းပုံ၊ တာယာအကြောင်းသိကောင်းစရာများ၊ အင်ဂျင် အခြေခံသဘောတရားများနှင့် တည်ဆောက်ပုံ၊ ချောဆီ၊ အင်ဂျင်ဝိုင်စစ်ဆေးလဲလှယ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းနည်းလမ်းများ၊ မော်တော်ယာဉ် စန္နီးစနစ်နှင့် မော်တော်ယာဉ်အခြေခံလျှပ်စစ်ထိန်းချုပ်မှု စနစ်များ စသည်တို့နှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းကိုင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ (သတ္တမ) အကြိမ် ထုတ်ချေး

မိုင်းကိုင် မတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ (သတ္တမ)အကြိမ် ထုတ်ချေးပေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဆင်(မြောက်)ကျေးရွာအုပ်စု ပန်းလုံကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးခဲ့သည်။

ဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပန်းလုံကျေးရွာ၊ ဆွမ်မွမ်းကျေးရွာနှင့် နမ့်ပါလုတ်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်းအသင်းသူ အသင်းသား ၆၁ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၃၀ အား (သတ္တမ )အကြိမ်မြောက် အတိုးနှုန်းသက်သာစွာဖြင့် အသင်းသူ အသင်းသားများ၏ တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

# မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်း ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင် မတ် ၁၂

မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက မွန်ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းဆပ်ကော်မတီအတွင်းရေးမှူး ပြည်နယ်ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်က မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာဥပဒေရေးရာလုပ်ငန်းကော်မတီ၏ ဒုတိယငါးနှစ် လုပ်ငန်းစီမံချက်(၂၀၂၄-၂၀၂၈) နှစ်ပါ လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ တက်ရောက်လာသည့် ဆပ်ကော်မတီအဖွဲ့ဝင်များက လက်ရှိလုပ်ငန်းဆောင်ရွက်ချက်များနှင့် စီမံချက်များအပေါ် ဆွေးနွေးအကြံပြုတင်ပြခဲ့ကြကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် တောမီးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြား

နေပြည်တော် မတ် ၁၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် တောမီးအန္တရာယ် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တောမီးလောင်ကျွမ်းမှုသည် သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ ရေခန်းခြောက်ပြီး မြေအရည်အသွေးကျဆင်းခြင်းစသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ဖြစ်ပေါ်စေသည့်အပြင် မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းပြီး လူသားများ၏ကျန်းမာရေးကို ထိခိုက်စေကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ ခုနစ်သန်းခန့် သေဆုံးနေကြောင်း၊ တောမီးနှင့် အခြားမီးလောင်ကျွမ်းမှုများကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် တောမီးလောင်ကျွမ်းမှုကာကွယ်ခြင်း၊ ရိုးပြတ်များနှင့် စိုက်ပျိုးရေးစွန့်ပစ်အမှိုက်များကို မီးမရှို့ဘဲ သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုခြင်း၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းအား အခြားစိုက်ပျိုးရေးနည်းစနစ်များဖြင့် အစားထိုးအသုံးပြုခြင်း၊ ပေါ့ဆမီးလောင်မှုမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် တောမီးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ဒေသခံများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး၊ တောမီးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော မီးလောင်မှု Fire Hotspot များ လျှော့ချနိုင်ရန်အတွက် ခရိုင်အလိုက် ဖွဲ့စည်းပေးထားသော မီးလောင်ကျွမ်းမှု ကာကွယ်ထိန်းချုပ်ရေးကော်မတီများက မိမိတို့ ခရိုင်/မြို့နယ်အတွင်း တောမီးနှင့် အခြားမီးလောင်ကျွမ်းမှုများ ကာကွယ်တားဆီးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မိုင်းယောင်းခရိုင် မိုင်းယုမြို့ရှိ ဓာတ်သတ္တုလုပ်ကွက်များသို့လည်းကောင်း၊ မိုင်းယုကြိုးဝိုင်း အကွက်အမှတ် (၁၅)အတွင်း စိုက်ပျိုးထားသော ဂေဟာစနစ်ဖြည့်တင်းရေး စိုက်ခင်း ၁၅ ဧကကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မိုင်းဖြတ်မြို့နယ်ရှိ ကျွန်းသစ်စေ့ထုတ်ဧရိယာ ငါးဧကကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျွန်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးရာတွင် အောင်မြင်မှုရရှိနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် ကျွန်းသစ်စေ့များ ရရှိရေးသည် အရေးကြီးသည့်အတွက် သစ်စေ့ထုတ်ဧရိယာများ တိုးချဲ့တည်ထောင်သွားရန် မှာကြားသည်။

ယင်းနောက် မိုင်းဖြတ်ရှိ မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ သွားရောက်ပြီး ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန်-ပုသိမ်လမ်း ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန် – ပုသိမ်လမ်းပိုင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အပိုင်းတွင် လမ်းဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ မိုင်တိုင်အမှတ်(၅/၄)မှ မိုင်တိုင်အမှတ်(၁၇/၄)ထိ လမ်းအရှည် ၁၂ မိုင်အား ၄၈ ပေအကျယ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် Toll Gate များတွင် လမ်းအသုံးပြုခ ကောက်ခံနေသည့်အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး ယခုအချိန်သည် နွေရာသီကျောင်းပိတ်ရက် ဖြစ်သဖြင့် ကမ်းခြေသို့ အပန်းဖြေခရီးသွားပြည်သူများ ပိုမိုများပြားလာမည်ဖြစ်၍ ရန်ကုန်-ပုသိမ်လမ်း၊ ပုသိမ်–ချောင်းသာလမ်းနှင့် ပုသိမ်–ငွေဆောင် လမ်းများ ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန်၊ ယာဉ်သွားလာမှုများပြားလာသည့်အတွက် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၊ လမ်းမျဉ်းရေးဆွဲခြင်းများကို သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ရန်၊ လမ်းအသုံးပြုခ ကောက်ခံရေး ဂိတ်များအနေဖြင့် ယာဉ်သွားလာမှု နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ပြည်သူများ အဆင်ပြေချောမွေ့စေရေး၊ လမ်းအသုံးပြုခ ကောက်ခံရရှိငွေများ နိုင်ငံတော်ဘဏ္ဍာငွေများသို့ အပြည့်အဝရောက်ရှိစေရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ရန်နှင့် အများပြည်သူလုံခြုံမှုကို အထောက်အကူ ဖြစ်စေရေးအတွက် ယာဉ်သွားလာမှုများအား စနစ်တကျ မှတ်တမ်းပြုစုထားရှိရန်တို့ကို မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်မြတ်ထွန်းတံတားရှင်းလင်းဆောင်၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ ရန်ကုန်-ပုသိမ်လမ်း (ဧရာဝတီတိုင်းဒေသကြီး အပိုင်း) သို့ ဆက်လက်ထွက်ခွာရာ လမ်းတစ်လျှောက်တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် လမ်းအနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းနှင့် လမ်းပခုံးများ ပြုပြင်ခြင်းများနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက လမ်းဦးစီးဌာနက တာဝန်ယူ၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရန်ကုန် – ပုသိမ်လမ်းသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို အဓိကဆက်သွယ်သည့် လမ်းတစ်လမ်းဖြစ်သည့်အပြင် အရှေ့–အနောက် စင်္ကြံလမ်းမကြီး (East–West Corridor)နှင့် တိုက်ရိုက်ဆက်သွယ်သည့် လမ်းဖြစ်ပါကြောင်း၊ ဧရာဝတီ တိုင်းဒေသကြီးသည် မိုးများသော ဒေသဖြစ်သောကြောင့် လမ်းများပေါက်ပြဲပျက်စီးနေသဖြင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်များရေးဆွဲ၍ ဆောင်ရွက်ခဲ့ရကြောင်း၊ ပြုပြင်ရာတွင် လမ်းအင်္ဂါရပ်များနှင့်အညီ အရည်အသွေးပြည့်မီရေး အထူးအလေးထားဆောင်ရွက်ရန်လိုကြောင်း၊ လမ်းချဲ့ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ရေးတို့ကို နှစ်အလိုက် အဆင့်ဆင့် ဆောင်ရွက်သွားနိုင်ရေးအတွက် လျာထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်အမှတ် (၈၈/၃) မှ (၈၉/၂) အထိ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းသို့ သွားရောက်၍ ကွန်ကရစ်ခင်းသည့် လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပုသိမ်မြို့အဝင်လမ်းချဲ့ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းတို့အတွက် လျာထားချက် အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ပုသိမ်–ချောင်းသာလမ်းနှင့် ပုသိမ်–ငွေဆောင်လမ်းတို့ လာမည့်နှစ်များတွင် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက် အခြေခံ တင်းနစ်သင်တန်း အခမ်းဖွင့်လှစ်

သထုံ မတ် ၁၂

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာ ပြုလုပ်သည့် နွေရာသီကျောင်းပိတ်ရက်ကာလ အခြေခံတင်းနစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို သထုံခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ကာယဉာဏ စွမ်းရည် ဘက်စုံဖွံ့ဖြိုးတိုးတက်ကာ အနာဂတ်၌ နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးတို့ကို ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး တင်းနစ်နည်းပြ ဦးမင်းသုအောင်က လူငယ်များအတွက် တင်းနစ်အားကစား၏ အကျိုးကျေးဇူးများ၊ အခြေခံအချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက အားကစားနှင့်ကာယပညာဦးစီးဌာန သထုံမြို့နယ်တင်းနစ်ကွင်း၌ တင်းနစ်အားကစား၏ အခြေခံအချက်များကို သရုပ်ပြသင်ကြားပေးရာ သင်တန်းသား သင်တန်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုမှတ်သားကြသည်။

အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ လူငယ် ၁၅ ဦး တက်ရောက်ရန် စာရင်းပေးသွင်းထားပြီး အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဝဋ်လည်တတ်ပုံများ

စောဖိုးခွား

ယခုမှဖြစ်ပွားသော အထူးအဆန်း ဖြစ်ရပ်တစ်ခုဟုတော့ မပြောနိုင်ပေ။ ယခင်ကလည်း အကြိမ်ကြိမ်အခါခါ၊ မြို့ရွာဒေသများစွာ အလားတူအဖြစ် အပျက်မျိုးက မကြာခဏဆိုသလို မြင်ရ၊ ကြားရ၊ သတင်းဖတ်ကြရသဖြင့် ရိုးနေခဲ့ပြီ။

**ပေါက်ကွဲသံကြီးတစ်ခု ကျယ်လောင်စွာကြားကြရ**

**ဖေဖော်ဝါရီလ ၂၉ ရက်နေ့ ညက** အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အစိုးရ အခြေခံပညာအထက်တန်း ကျောင်းရှေ့၌ရှိသော လမ်းမပေါ်တွင် ပေါက်ကွဲသံကြီးတစ်ခု ကျယ်လောင်စွာ ကြားကြရသည်။ သန်းခေါင်ကျော်ညဥ့်နက် အချိန်မတော်ဖြစ်ပျက်သဖြင့် အသံကို သာ ပတ်ဝန်းကျင်က မြေကြီးတုန်ဟည်း သွားလောက်အောင် ပြင်းထန်သော မိုင်းဖောက်ခွဲသံ သို့မဟုတ် ဗုံးပေါက်သံဟု ခန့်မှန်းကြရသော်လည်း ဘာမှန်းတော့ မသိ။ မည်သူမည်ဝါ ထိခိုက်မှန်းလည်း မသိ။ ဘယ်မှာလဲ တိတိကျကျလည်း ညတုန်းကမသိ၊ နံနက်ရောက်မှ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှာမှ တစ်ယောက်စကား တစ်ယောက်နား ကြားသိကြရသည်။

ကားတစ်စီးနှင့်လူနှစ်ဦး။ ယောကျ်ား တစ်ဦးနှင့် မိန်းမတစ်ဦး။ ညဥ့်နက် သန်းခေါင်ကြီးမှာ ကားပေါ်တွင်ပေါက်ကွဲ စေမည့် ဗုံးများ၊ မိုင်းများ၊ ယမ်းပစ္စည်း များတင်ဆောင်ပြီး မြောက်မှတောင်သို့ အောင်ဆန်းရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းရှေ့ကားရောက် ချိန်၌ အချိန်ကိုက်ဗုံးက အချိန်မကိုက်ဘဲ ခုန်ပေါက်၍ အကြီးအကျယ် ပေါက်ကွဲပါ လေတော့သည်။ ကားလည်း မီးလောင်၊ ကားပေါ်ပါသည့် လူနှစ်ဦးလည်း မြင်လို့ မကောင်းအောင် ရုပ်ပျက်ဆင်းပျက် ဒဏ်ရာဒဏ်ချက် မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးနေကြောင်း တွေ့ကြရသည် ဆို၏။ ဗုံးကအရေအတွက် မည်မျှလဲ၊ ပြင်းအား မည်မျှရှိသလဲတော့မသိ။ ကားတစ်စီးလုံးလည်း စုတ်ပြတ်သတ် လွင့်စဉ်သွား၏။ အကြမ်းဖက်သမားဟု ယူဆရသူ နှစ်ဦးစလုံးလည်း အရှင် လတ်လတ်မီးမြိုက်ပြီးသား သေဆုံးသွား ကြ၏။ မိုင်းကွဲကတည်းက လက်များ၊ ခြေများ တစ်စစီပြုတ်ပြတ်ထွက်ကုန် သဖြင့် ကားပေါ်မှ ဆင်းပြေးနိုင်ခြင်း လည်းရှိပုံမပေါ်ပေ။ မီးပုံထဲမှာပဲ လူအကင်ကျပ်တိုက်ဘဝ ကျရောက်ရ လေ၏။ ပုတတ်ကင်များစားခဲ့ကြပုံရ၏။

**သူတို့ဆန္ဒပြည့်ဝတော့မည်ဟု ပျော်ခဲ့ကြလိမ့်မည်**

အကြမ်းဖက်နှစ်ဦး သေဆုံးရပုံမှာ တရားသံဝေဂရစရာကောင်းလှ၏။ သူတို့ ကို ဘယ်သူကမှ ဓားနှင့်ထိုးခြင်း၊ ခုတ်ခြင်းလည်းမဟုတ်ရ။ သေနတ်ဖြင့် ပစ်သတ်ခံရခြင်းလည်းမဟုတ်။ ဘာ လက်နက်ဖြင့် မမျှော်လင့်ဘဲ ညဥ့်နက် သန်းခေါင်မှာ မီးဖုတ်ခံပြီး သေပွဲဝင်ရ ခြင်းကား မြန်မာနိုင်ငံ ရန်ကုန်မြို့ပေါ် အပါအဝင် အခြားမြို့ရွာများရှိ **သာမန် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ရန်၊ စာသင်ကျောင်းများတွင် မိုင်းထောင် ဗုံးခွဲရန်၊ လျှပ်စစ်တာဝါတိုင်များကို မိုင်းခွဲ ဖြိုချဖျက်ဆီးရန် သို့မဟုတ် လူများ သွားလာနေသော ရထားလမ်း၊ ကားလမ်း များ၊ တံတားများကို မိုင်းဖောက်ခွဲချိုးဖျက် ရန် ဤဗုံးများ၊ မိုင်းများ၊ ယမ်းများ သယ်ဆောင်ခဲ့ခြင်းဖြစ်၏။** ဤပေါက်ကွဲ ပစ္စည်းများရလာစဉ်က သူတို့ဆန္ဒပြည့်ဝ တော့မည်ဟု ပျော်ခဲ့ကြလိမ့်မည်။ ပေါက်ကွဲ စေသော မိုင်းများကို လူသူမသိအောင် ညဥ့်နက်သန်းခေါင်တွင် သယ်ဆောင် လာစဉ်မှာလည်း သူတို့ကျေနပ်နေခဲ့ကြ မည်။ မထင်မှတ်ဘဲ ရုတ်တရက်ကြီး ကားမောင်းနေဆဲ ပေါက်ကွဲခြင်းကိုတော့ အံ့သြထိတ်လန့်စွာနှင့် သူတို့ သတိပြုမိ ကောင်းပြုမိလိမ့်မည်။ ခန္ဓာကိုယ်နေရာ အနှံ့အပြား အချက်ပေါင်းများစွာ မိုင်းစ၊ သံစ၊ ခဲစ၊ ဒဏ်ရာအမျိုးမျိုး ခန္ဓာကိုယ်အနှံ့ ခံစားလိုက်ရသောအချိန်၌မူ သူသည် နားလည်းမကြားနိုင်၊ မျက်စိလည်း မမြင်နိုင်။ ခေါင်းတခြား ကိုယ်တခြား အိုးစားကွဲခဲ့ပြီ။

အကာလမရဏဟု ခေါ်ရမည်လော မသိ။

ထင်မှတ် မျှော်လင့်မထားသော သေခြင်း။ လူနှစ်ယောက်ကားစီးလာသည်။

နှစ်ယောက်စလုံးအတူ ဇီဝိန်ချုပ် သွားကြပြီ။ လူများသေကျေအောင် သူတို့ မည်မျှသတ်ဖြတ်ခဲ့ပြီးကြပြီလဲမသိ။

> **မိမိ၏ အကုသိုလ်စေတနာဇောက ပြင်းလျှင်ပြင်းသလောက် ဝဋ်လည်ခြင်းရဟတ်သည်လည်း လျင်မြန်စွာ ကိုယ့်ဆီတည့်တည့် ပြန်ရောက်လာတတ်ပုံများကို ထိုဖောက်ခွဲရေးသမားတို့ကြောင့် သာဓကထင်ရှားစွာ မြင်ခဲ့ကြရပါ၏။ ငရဲက လွတ်ကောင်းလွတ်နိုင် သေး၏။ ကုသိုလ်ကောင်းမှုများများပြုသော် လွတ်မည်ဆို၏။ “ဝဋ်တုံ့ဝဋ်ကြွေးကား မရမနေပေးဆပ်ရသည်” ဟုကြားဖူး၏။ ယခုတော့ အကုသိုလ်စေတနာကံက သူပြုနေသော ဒုစရိုက်အလိုက် အချိန်မဆိုင်း လက်ငင်းချက်ချင်း အကျိုးပေးနေပုံကို မျက်စိရှေ့တွင် အထင်အရှားမြင်ရတော့သည်**

**“အကုသိုလ်ကံ၏ဝိပါက်”** ကတော့ အလွတ်မပေးဘဲ သူတို့နောက်မှာ လှည်းကိုဆွဲနေသော နွားခြေရာ၏ နောက်သို့ ထက်ကြပ်မကွာ လှည်းဘီးက နောက်မှ ကပ်ပါလျက် အဆက်မပြတ် မရပ်မနား လိုက်ပါနေခဲ့သည်ပါတကား။ ကံကံ၏အကျိုးတရား။

> **“ပါဏာတိပါတကံ”သည် ရက်စက်ပေသည်။ ရိုင်းစိုင်းကြမ်းတမ်းပါသည်။ ထို့ကြောင့် လူမျိုး၊ နိုင်ငံ၊ တိုင်းပြည်ချင်း ကွဲပြားသော်လည်း လူသတ်မှုကို ပြင်းထန်ထိရောက်စွာ ဥပဒေဖြင့် တားမြစ်ထားကြသည်။ လူသတ်မှု၊ လူသေမှု၊ ပြင်းထန်စွာနာကျင်စေမှု စသည်တို့ကို ဘာသာတရားများကလည်း တားဆီးသည်။ သို့သော် အမှောင်ပိတ်ဖုံးကာ နွေဦးတော်လှန်ရေးအမည်ပေး၍ လည်းကောင်း၊ ဒီမိုကရေစီအရေးတော်ပုံမျက်နှာဖုံးစွပ်၍လည်းကောင်း၊ အာဏာရှင်စနစ်တိုက်ဖျက်ရေးဟု အသံကောင်းဟစ်၍လည်းကောင်း၊ အမှန်က လူသတ်ဝါဒ**

**အကုသိုလ်များလေစွ**

သူတစ်ပါးကို သတ်ဖြတ်သေဆုံးစေခဲ့ခြင်း၊ နောက်လည်း လူများကိုသေစေရန်၊ ရေမရ၊ မီးမရ၊ ထမင်းချက်၍မရ၊ အဝတ်လျှော်၍မရ၊ လျှပ်စစ်ဓာတ်အား မဖြန့်ဖြူးနိုင်အောင် လျှပ်စစ်တာဝါတိုင် များကို သူတို့မိုင်းခွဲ ဖြိုချဖျက်ဆီးခဲ့ကြ သည်။ အကုသိုလ်များလေစွ။

စာမေးပွဲနီးသော ကျောင်းသားလေး များ ညပိုင်း လျှပ်စစ်မီးမလာသဖြင့် စာကျက်ဖို့ရာ အခက်အခဲတွေ့ကြရ သည်။ သူတို့ကတော့ “အောင်ပြီ အောင်ပြီ” ဟု အော်ဟစ်နေကြမည်။ စာမေးပွဲကျမှာ စိုးရိမ်နေရရှာသော မီး အမှောင်ထဲရှိ ကျောင်းသား ကျောင်းသူ လေးများကမူ စိုးရိမ်သောကဖြင့် ပူလောင်နေကြရရှာသည်။ သူတို့ မစဉ်းစား။

လူအများကို ဘာမှအပြစ်ပြုကြသူ များလည်း မဟုတ်သော သာမန်ပြည်သူ အရွယ်အမျိုးမျိုး၊ ဒေသအမျိုးမျိုး၊ ဆင်းရဲချမ်းသာမခွဲဘဲ အကြမ်းဖက်သမား က ခြိမ်းခြောက်နှိပ်စက် အကျပ်ကိုင် ဒုက္ခပေးသည်။ **သူများငိုမှ သူရယ်ချင်သော လူယုတ်မာများပါတကား။** သူတို့ ကလက်နက်ကိုင်ထားသဖြင့် ကြောက်ရ သည်။ စိတ်မထင် သတ်ချင်သလိုသတ်၊ ဖြတ်ချင်သလိုဖြတ်နေသဖြင့် ခွေးရူး တစ်ကောင်လို တွေ့ရာလူကိုကိုက်နေ၏။ ထို့ကြောင့် လွတ်အောင်ဝေးဝေး ရှောင်ဖို့သာ စဉ်းစားနေကြရ၏။

**“ပါဏာတိပါတကံ”**သည် ရက်စက် ပေသည်။ ရိုင်းစိုင်းကြမ်းတမ်းပါသည်။ ထို့ကြောင့် လူမျိုး၊ နိုင်ငံ၊ တိုင်းပြည်ချင်း ကွဲပြားသော်လည်း လူသတ်မှုကို ပြင်းထန်ထိရောက်စွာ ဥပဒေဖြင့် တားမြစ်ထားကြသည်။ လူသတ်မှု၊ လူသေမှု၊ ပြင်းထန်စွာနာကျင်စေမှု စသည်တို့ကို ဘာသာတရားများက လည်း တားဆီးသည်။ တားမြစ်သည်။ ယဉ်ကျေးမှုရှိသော လူ့အဖွဲ့အစည်းတိုင်း ကလည်း ရှုတ်ချသည်။ အားမပေး။ လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းတွင်လည်း အပြစ်ဖြစ်ကြောင်း လူစိတ်ရှိသူမှန်လျှင် သိကြပါ၏။

သို့သော် အမှောင်ပိတ်ဖုံးကာ နွေဦး တော်လှန်ရေးအမည်ပေး၍ လည်း ကောင်း၊ ဒီမိုကရေစီအရေးတော်ပုံ မျက်နှာဖုံးစွပ်၍လည်းကောင်း၊ အာဏာ ရှင်စနစ်တိုက်ဖျက်ရေးဟု အသံကောင်း ဟစ်၍လည်းကောင်း၊ **အမှန်က လူသတ် ဝါဒ။**

**“လက်နက်ကိုင် အကြမ်းဖက် လုပ်ဆောင်မှု”**များကို နိုင်ငံတကာက ဆန့်ကျင်ရှုတ်ချတားမြစ်ကြသည့်ကြား မှ လျစ်လျူရှုကျောခိုင်းခြင်းပြုကာ နိဂုံး လမ်းဆုံး ဘယ်လိုမှ မကောင်းနိုင်သော အကုသိုလ်ဒုစရိုက်မှုဝါဒ အဓမ္မ လမ်းကြောင်းကို မိုက်မဲစွာသွားနေကြ၏။ ဘာကိုပဲအကြောင်းပြပြ ဖုံးကွယ် လှည့်စားမှုများသည် တစ်နှစ်ပြီးတစ်နှစ် မျက်နှာဖုံးအရေခွံတို့သည် ကွာကျသွားခဲ့ ကြလေပြီ။ အမှားသည် အမှန်မဖြစ် လာနိုင်ပါ။ မတရားမှုသည် တရားမှုမဖြစ် လာနိုင်ပေ။ မသမာမှု၊ လိမ်ညာမှု၊ မဖြောင့်မှန်မှုသည် တရားဓမ္မဘက်သို့ မပူးပေါင်း၊ မရောက်ရှိနိုင်ချေ။

အမှားများ၊ အလွဲများ၊ မတရားမှု အဓမ္မများ၊ ရိုင်းစိုင်းရက်စက်မှုများ၊ ဥပဒေဆန့်ကျင်မှုများ၊ မသမာမှု၊ မဖြောင့်မတ်မှု၊ လုယက်မှု၊ ဓားပြတိုက်မှု၊ လူသတ်မှုအားလုံးကို ပစ်ပယ်စွန့်ခွာ၍ အမှန်တရားဥပဒေဘက်သို့ လုံးလုံး ကူးပြောင်းလာမှသာ လွတ်မြောက် ဘေးကင်းရာ ရောက်နိုင်ပေလိမ့်မည်။ ဤတစ်လမ်းသာရှိ၏။

**ပေါက်ကွဲမှုများ မရေမတွက်နိုင်အောင် များပြား**

**အံ့သြစရာကောင်းသော ဖြစ်ရပ်များ ရှိခဲ့သည်။** ကားနှင့်၊ ဆိုင်ကယ်နှင့် သယ်ယူလာသော မိုင်းများ၊ ဗုံးများသည် အကြောင်းအမျိုးမျိုးဖြင့် အကြမ်းဖက် သမားများလက်ထဲမှာတင် အသက်ဝင် ပေါက်ကွဲကုန်ကြလေသည်။ သေသူသေ၊ ဒဏ်ရာရသူရ၊ လက်ပြတ်ခြေပြတ် ဖြစ်ရသည်။ သယ်ယူစဉ် မထင်မှတ်ဘဲ ပေါက်ကွဲမှုများ မရေမတွက်နိုင်အောင် များပြားလှ၏။

မကြာသေးမီက စက်ဘီးတစ်စီးနှင့် လူနှစ်ယောက်။

အလားတူ တစ်ဖွဲ့တည်းဟု ယူဆရ သော အခြားစက်ဘီးတစ်စီးနှင့် လူနှစ်ယောက်။ စီးလာကြရင်း လမ်းပေါ် တွင် မထင်မှတ်ဘဲ သူတို့သယ်ဆောင်လာ သော မိုင်းဗုံးများ ထပေါက်ကွဲကြပါလေ ရော။ ပေါက်ကွဲမိုင်းများ သယ်ဆောင် လာကြသည့် **အကြမ်းဖက်သမား လေးယောက်နှင့် စက်ဘီးနှစ်စီးသည်** မိုးပေါ်သို့လွင့်ပျံတက်သွားပြီး မြေပေါ်သို့ တစ်စစီ အပိုင်းအပိုင်း ပြန်ကျလာခဲ့ကြ လေသည်။ လူပျံများ သွေးအလူးလူးနှင့် လေးယောက်စလုံး သေသွားကြကုန်၏။ တစ်ပြိုင်တည်း ကွဲလေသလား၊ ရှေ့ဆင့် နောက်ဆင့် ကွဲခြင်းပေလားတော့မသိရ။ လမ်းပေါ်တွင် သေကြခြင်းကြောင့် ဒေသခံများ ဖွေ့စ်ဘွတ်မှာတင်ကြ၍ ဤကာလ နှစ်နှစ်၊ သုံးနှစ်အတွင်း မိုက်မဲ သူများ သူတို့ပြုကြသည့် အကုသိုလ်ကံ ၏ စီမံမှုကြောင့် ဝိပါကကံသဘောအရ သေဆုံးကြပုံများ အဆက်မပြတ် ကြားခဲ့ရသည်။ များလှပါပြီ။

ရှေ့ပိုင်းမှာလည်း တောတွင်း၌ပင် မိုင်းသင်တန်းတက်ရင်း၊ မိုင်းထောင်မှု လေ့ကျင့်ရင်း၊ **အကြမ်းဖက်သမား လူငယ်လူရွယ်များ လက်ပြတ်၊ ခြေပြတ်၊ မျက်စိပျက်၊ မျက်နှာပျက်၊ ဘဝရှုံးကြရ သူများ မရေမတွက်နိုင်ချေ။** စစ်ကိုင်း တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ဘက်က မြို့နယ်များတွင် မကြာခဏ ပင် ဖြစ်ပွားခဲ့ကြသည်။ ခြေတို၊ လက်တို (လက်ကောက်ဝတ်မှ ပြတ်ခဲ့ကြ၏)ဘဝဖြင့် အဖမ်းခံခဲ့ရပြီး ထောင်ကျသွားသူများလည်းရှိခဲ့ကြ၏။ သနားမိပါ၏။

**ဝဋ်တုံ့ဝဋ်ကြွေးကား မရမနေပေးဆပ်ရသည်**

မိမိ၏ အကုသိုလ်စေတနာဇောက ပြင်းလျှင်ပြင်းသလောက် ဝဋ်လည်ခြင်း ရဟတ်သည်လည်း လျင်မြန်စွာ ကိုယ့်ဆီတည့်တည့် ပြန်ရောက်လာ တတ်ပုံများကို ထိုဖောက်ခွဲရေးသမား တို့ကြောင့် သာဓကထင်ရှားစွာ မြင်ခဲ့ကြ ရပါ၏။ ငရဲက လွတ်ကောင်းလွတ်နိုင်သေး ၏။ ကုသိုလ်ကောင်းမှုများများပြုသော် လွတ်မည်ဆို၏။ “ဝဋ်တုံ့ဝဋ်ကြွေးကား မရမနေပေးဆပ်ရသည်” ဟုကြားဖူး၏။ လက်တွေ့တော့ သတိမထားမိ။ ဟောဗျာ။ ယခုတော့ အကုသိုလ်စေတနာကံက သူပြုနေသော ဒုစရိုက်အလိုက် အချိန် မဆိုင်း လက်ငင်းချက်ချင်း အကျိုးပေး နေပုံကို မျက်စိရှေ့တွင် အထင်အရှား မြင်ရတော့သည်။ ကြည့်လိုက်ပါ။

အံ့သြစရာ ထူးခြားဆန်းကြယ်မှုပင်။

၂၀၂၄ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့
(World Consumer Rights Day 2024)

မျှတအလေးမူ တာဝန်ယူ၊ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု
(Fair and Responsible AI for Consumers)

၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက် (သောကြာနေ့)



ကမ္ဘာ့ရေနေ့ ၂၀၂၄
WORLD WATER DAY 2024
၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်

UN WATER 22 MARCH WORLD WATER DAY
2024 Leveraging Water for Peace

ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး

အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ


# တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



မုံရွာ မတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များအတွင်း ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မုံရွာခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးက ခရိုင်အတွင်း ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ စီမံကိန်းဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ကာ တက္ကသိုလ်ဝင်းအတွင်း ကြည့်ရှုစစ်ဆေး

မန္တလေး မတ် ၁၂

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် မန္တလေးနည်းပညာတက္ကသိုလ်၌ ကျင်းပသော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ စီမံကိန်း ၂၀၂၂ ဖြင့် ဆောင်ရွက်လျက်ရှိသော စွန့်ပစ်ပစ္စည်း ပြန်လည်လည်ပတ် အသုံးချမှု နည်းပညာဆိုင်ရာ သုတေသီများ တွေ့ဆုံပွဲနှင့် သုတေသနပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးသို့ တက်ရောက်ရာ မန္တလေးနည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ သုတေသီများက စိတ်ပါဝင်စားစွာ ဆွေးနွေးကြသည်။



ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးက **နိုင်ငံတော်နှင့် ပြည်သူများအတွက် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ကို ဖော်ဆောင်တည်ဆောက်ရာတွင် လက်တွေ့ကျကျ အထောက်အကူပြုနိုင်မည့် သုတေသနရလဒ်များ ရရှိစေရေး ဆက်စပ်ဌာန/ အဖွဲ့အစည်းများနှင့် မြှင့်တင်ပူးပေါင်းဆောင်ရွက်သွားရန်** တိုက်တွန်းမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာနများရှိ အလုပ်ရုံများနှင့် လက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဘာသာရပ်နှင့် သင်တန်းနှစ်တို့အလိုက် အေးချမ်းပျော်ရွှင်စွာ သင်ကြား၊ သင်ယူလျက်ရှိကြသော ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး **နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို လေးစားလိုက်နာကြရင်း ပြည်သူများ၏ အကျိုးစီးပွားအတွက် အမှန်တကယ် အလုပ်အကျွေးပြုနိုင်သည့် စွမ်းရည်မြင့် အင်ဂျင်နီယာများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရန်** မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျောင်းတွင်းအဆောင်များရှိ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ **ကျောင်းသားဘဝ တန်ဖိုးရှိသော အချိန်များကို အကျိုးရှိစွာ အသုံးချကြရန်၊ ပြည်သူများက အမှန်တကယ် အားထားရသည့် ဗလငါးတန်နှင့် ပြည့်စုံသော မျိုးဆက်သစ် အင်ဂျင်နီယာ နိုင်ငံ့လူငယ်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# သံတွဲမြို့နယ်ရှိ လမ်း / တံတားတည်ဆောက်ရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

သံတွဲ မတ် ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ)ဦးဝင်းမြင့်ဟန်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က သံတွဲမြို့နယ်အတွင်းရှိ ကျေးလက်လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဦးစွာ ပြည်နယ်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၀၀ ဒသမ ၅၅၆ သန်းဖြင့် Rakan World ကုမ္ပဏီက ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သော ဘိုကလေး- လှေကြီးချိုင် ကျေးရွာချင်းဆက်လမ်း အရှည်မီတာ ၁၂၀၀၊ အကျယ် ၃ ဒသမ ၆၆ မီတာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၈၉ ဒသမ ၉၈ သန်းဖြင့် သံတွဲမြို့နယ် ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မောင်ရွှေလေး-ကျေးရွာချင်းလမ်း အရှည် ၇၃၂ မီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာ ကွန်ကရစ်ခင်း၍အမာခံလမ်းပခုံးခင်းကြိတ်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေမှုနှင့် အဆိုပါလမ်းပေါ်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၅ သန်းဖြင့် သံတွဲမြို့နယ် ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အရှည် ၁ ဒသမ ၅၂ မီတာ သံကူကွန်ကရစ်တံတား ငါးစင်း တည်ဆောက်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် (Grade-12) စာမေးပွဲ ဒုတိယနေ့ ကျင်းပ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို အေးချမ်းစွာဖြေဆို

**နေပြည်တော် မတ် ၁၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် (Grade-12)စာမေးပွဲ ဒုတိယနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာ ဘာသာရပ်ကို အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြသည်။



ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူး ဒေါက်တာ ကျော်လွင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနများသို့လည်းကောင်း၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ နေပြည်တော်ကောင်စီနယ်မြေ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်းရှိ စာစစ်ဌာနများသို့ လည်းကောင်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းသို့လည်းကောင်း သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများသို့ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

စာစစ်ဌာန အသီးသီး၌လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများက စည်းလုံးညီညွတ်စွာ စောင့်ရှောက်ပေးလျက်ရှိပြီး စာစစ်ဌာနအားလုံးတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

စာမေးပွဲဖြေဆိုလိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာပုံအား ဤသို့ ပြောကြားသည်။

"ကျွန်တော် ၁၉၈၂ ခုနှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲကို ဆဗထ - ၁၉၈၉ ခုံအမှတ်နဲ့ ဖြေခဲ့ဘူးတယ်။ နဝမတန်းကိုတော့ ဒလမြို့နယ် အမှတ်(၁)အထက်တန်းကျောင်းကနေ အောင်ခဲ့တာပါ။ ပညာကို လိုချင်ပေမယ့် မိဘရဲ့ စီးပွားရေး အခြေအနေကြောင့် ပညာရေး ရပ်ခဲ့ရပါတယ်။ အိမ်ထောင်ကျတဲ့အခါ မိသားစုအရေးနဲ့ ကလေးတွေအနာဂတ် ကြိုးစားပြီး မြေတောင်မြှောက်ပေးခဲ့ပါတယ်။ သားဖြစ်သူကလေး ဘာသာဂုဏ်ထူးနဲ့အောင်ပြီး ဆေးကျောင်းမရတဲ့ အတွက် ကွန်ပျူတာတက္ကသိုလ်ကို ပို့နိုင်ခဲ့တယ်။ အခုသားက အမေရိကန်နိုင်ငံမှာ ဆော့ဖ်ဝဲလ်နဲ့ ပတ်သက်တဲ့ လုပ်ငန်းမှာ လုပ်ကိုင်နေပါပြီ။ ကျွန်တော် တက္ကသိုလ်ဝင်တန်းအောင်ချင်တယ်၊ ဘွဲ့ပုံကိုသားနဲ့ အတူချိတ်ပြီး ကျွန်တော့်မိဘကို ပြချင်တယ်။ ဖြေဆိုဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် အခုမှ အကောင်အထည် ဖော်နိုင်ခဲ့တာပါ။ အသက်အရွယ်အရ အများကြီး ကြိုးစားရမယ် ဆိုတာလည်း သိထားပါတယ်။

"စာမေးပွဲအတွက် အိမ်မှာ Guide ခေါ်ပြီး ပြင်ဆင်ခဲ့တယ်။ စနစ်သစ် ဘာသာရပ်ဆိုတော့ မှတ်မှတ်ရရလည်း ကျန်ခဲ့မှာပါ။ မြန်မာစာနေ့မှာ ကောင်းကောင်း ဖြေနိုင်ခဲ့တယ်။ ဒီနေ့အင်္ဂလိပ်စာကိုလည်း ဖြေနိုင်တာကြောင့် မိသားစုလည်း ဝမ်းသာနေကြပါတယ်။ တက္ကသိုလ်ဝင်တန်း စာမေးပွဲမှာ ရင်အခုန်ဆုံးအချိန်ဟာ သံချောင်းခေါက်သံနဲ့ မေးခွန်းစာရွက် စတင်ဝေတဲ့အချိန်ပါပဲ။ ဟိုတုန်းကခံစားမှုကို အသက် ၆၀ ကျော်မှာ ပြန်လည်ခံစားရရှိတာဟာ ဘာနဲ့မှလဲလို့မရတဲ့ ပညာရဲ့ ဂုဏ်သတ္တိလို့ ဆိုရမှာပါ။



ကျွန်တော်တို့နိုင်ငံမှာ အသက် ၇၀ ကျော် ဦးလေးတစ်ဦးလည်း ဖြေဆိုခဲ့ဖူးတာကြောင့် စာမေးပွဲဆက်ဖြေဖို့ ခွန်အားတစ်ခုလည်း ဖြစ်စေခဲ့ပါတယ်။ ကျွန်တော် ကြိုးစားပြီးဖြေဆိုသွားမှာပါ"ဟု ပြောကြားသည်။

ဗိုလ်တထောင်ခရိုင် ပညာရေးမှူး ဒေါက်တာခင်သူဇာစိန်က "မနေ့က မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူတွေ ပျော်ပျော်ရွှင်ရွှင် ဖြေဆိုသွားတာ တွေ့ရပါတယ်။ အမှတ်(၆) အထက်တန်းကျောင်း စာစစ်ဌာနမှာ အသက် ၆၂ နှစ်အရွယ် ဦးလေးတစ်ဦး ဖြေဆိုနေပါတယ်။ Grade – 12 ဘာသာရပ်ကို စိတ်ဝင်စားတာရယ်၊ တက္ကသိုလ်ဝင်တန်း အောင်မြင်လိုတဲ့ စိတ်ဆန္ဒတွေကြောင့် ဖြေဆိုတာလို့ သိရပါတယ်။ မြန်မာစာ ဖြေဆိုနိုင်ပြီးတော့ အင်္ဂလိပ်စာဖြေတဲ့နေ့မှာလည်း စိတ်အားထက်သန်စွာ လာရောက်ဖြေဆိုတာကို တွေ့ရပါတယ်။ အခုလို စိတ်ဝင်တစားဖြေဆိုတာတွေ့ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ Grade – 12 သင်ရိုးသစ်ဘာသာရပ်နဲ့ပတ်သက်ပြီး နွေရာသီမှာ ဆရာ ဆရာမတွေကို မွမ်းမံသင်တန်းတွေ ပေးသွားဖို့ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းများကလည်း ကူညီပေးကြပါတယ်။ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်အောင် အဘက်ဘက်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြတဲ့ ဌာနဆိုင်ရာများကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က "၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ မကျင်းပမီကတည်းက တိုင်းဒေသကြီး အစိုးရအဖွဲ့က စာမေးပွဲကာလမှာ အုပ်ချုပ်ရေး



ဦးအောင်လွင်



ဒေါက်တာခင်သူဇာစိန်

အပိုင်းနဲ့ လုံခြုံရေးအပိုင်းမှာ စိတ်အေးချမ်းသာစွာနဲ့ အောင်မြင်ချောမွေ့စွာ ဖြေဆိုနိုင်အောင် ဝိုင်းဝန်းပံ့ပိုးပါဆိုတဲ့ ညွှန်ကြားချက်ရှိပါတယ်။ အခုစာမေးပွဲက ထူးခြားမှုနှစ်ခုရှိတယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ ပထမအချက်က စနစ်သစ် စတင်ဖြေဆိုရတဲ့နှစ်လည်းဖြစ်ပါတယ်။ ပိုပြီးခက်ခဲမလားဆိုတဲ့ စိတ်လည်း ရှိနိုင်ပါတယ်။ ဒုတိယအချက်က ဗိုလ်တထောင် အမှတ်(၆)အထက်တန်းကျောင်း စာစစ်ဌာနမှာ အသက် ၆၂ နှစ်အရွယ် အမျိုးသားတစ်ဦး ဝင်ရောက်ဖြေဆိုနေတာဟာလည်း ထူးခြားမှုတစ်ခုပါပဲ။

"အချို့ နေရပ်စွန့်ခွာလာတဲ့ ကလေးတွေ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုနိုင်အောင် စီမံဆောင်ရွက်ပေးဖို့ ညွှန်ကြားထားတဲ့အတွက် အခြေခံပညာအဆင့်မှာ ၆၈ ဦး ပညာသင်ကြားခွင့် ရရှိခဲ့ပြီးတော့ တက္ကသိုလ်ဝင်တန်း စာမေးပွဲမှာ ၁၁ ဦး ဖြေဆိုနေကြပါတယ်။ စာမေးပွဲ ဖြေဆိုနေစဉ်အတွင်းမှာ အသံဆူညံမှုမရှိအောင်နဲ့ စာမေးပွဲဖြေဆိုခွင့်ကတ်မေ့ကျန်ခဲ့မှုများရှိရင် အမြန်ဆုံးသွားရောက်ယူဆောင်နိုင်အောင် ယာဉ်/ ဆိုင်ကယ်တွေ အသင့်ထားရှိပေးထားပါတယ်။ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်အောင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနဲ့ ရပ်ကွက်ပြည်သူ့လုံခြုံရေးအဖွဲ့တို့ပူးပေါင်းပြီး ဗိုလ်တထောင်ခရိုင်အတွင်းက စာစစ်ဌာနငါးခုက စာဖြေကျောင်းသား ၉၇၈ ဦးရဲ့ လုံခြုံရေးကဏ္ဍကို အပြည့်အဝဆောင်ရွက်ထားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီး အောင်မြင်ပြီးမြောက်တဲ့အထိ ဆောင်ရွက်သွားမှာပါ"ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယနေ့ အင်္ဂလိပ်စာဘာသာရပ်၌ ကျောင်းသား ကျောင်းသူ ၁၈၀၄၅ ဦး ဖြေဆိုခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**



# ပန်းတောင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

**ပန်းတောင်း မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန ခြောက်ခုတွင် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုကြသည်။

**ကြည့်ရှုအားပေး**

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုလျက်ရှိသည့်ကျောင်းများသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးမင်းမင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်၊ တိုင်းခွဲပညာရေးမှူး ဦးတင်ယု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ကျော်ညီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင်၊ ခရိုင်/ မြို့နယ် ပညာရေးမှူးများမှ လိုက်လံကြည့်ရှု အားပေးခဲ့သည်။

**လပြည့်လင်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက္ကသိုလ်ဝင်စာမေးပွဲ Grade-12 ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှု ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၁၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ ရောက်ရှိပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**မှာကြား**

ကြည့်ရှုအားပေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စနစ်သစ်ပညာရေး၏ အထက်တန်းအဆင့် နောက်ဆုံးအရည်အချင်းစစ် စာမေးပွဲဖြစ်သည့် တက္ကသိုလ်ဝင်စာမေးပွဲ Grade-12 ကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ပေးလျက်ရှိသည့် အခန်းတာဝန်ကျကြီးကြပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ စာမေးပွဲဖြေဆိုသူနှင့် စာမေးပွဲလုပ်ငန်းများ အနှောင့်အယှက်မဖြစ်စေရေး ဂရုပြုဆောင်ရွက်ကြရန်၊ စာမေးပွဲကို စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အောင်မြင်အောင် ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ရောက်ရှိပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာစစ်ဌာနစုစုပေါင်း ၄၇ ခုတွင် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၈၆၇၆ ဦး စာရင်းပေးသွင်းထားပြီး ယနေ့အင်္ဂလိပ်စာ ဘာသာရပ်တွင် ၈၄၂၂ ဦး ဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၀၇ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာအုပ်စု ရာဇဌာနီလမ်းဘေးရှိ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းနေကြာစံပြစိုက်ခင်းအနီး ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး နွေသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံကာ မြေများကို အကျိုးရှိစွာ အသုံးချပြီး သီးထပ်စွမ်းအားတိုးမြှင့်ရေး၊ သုံးသီးစိုက်ပျိုးနိုင်ရေး၊ ဒေသတွင်း စားသုံးဆီဖူလုံစေရေးတို့ကို အလေးထား ဆောင်ရွက်ကြရန်မှာကြား၍ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နွေနှမ်းသီးနှံစိုက်ပျိုးမည့် တောင်သူများကို နှမ်းမျိုးစေ့များနှင့် သဘာဝမြေသြဇာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နေကြာစံပြစိုက်ခင်းနှင့် ပြောင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာအုပ်စု ကံလှကွက်သစ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၂၅ ဦးရှိ

**နေပြည်တော် မတ် ၁၂**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၂၅ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၁ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၃၀ စာစစ်ဌာန စုစုပေါင်း ၈၄၁ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၄၆၅၂၃ ဦးရှိပြီး စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်တွင် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၂၅ ဦး၊ ပျက်ကွက် ၁၇၇၉၈ ဦး ရှိသဖြင့် ဖြေဆိုသူ ၈၇ ဒသမ ၈၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**အခြေခံပညာဦးစီးဌာန**

**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ် - အင်္ဂလိပ်စာ | ရက်စွဲ၊ ၁၂ - ၃ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၆ | ၂၃၄၉ | ၃၆၅၈ | ၆၀၀၇ | ၂၂၁၇ | ၃၅၃၀ | ၅၇၄၇ | ၁၃၂ | ၁၂၈ | ၂၆၀ | ၉၅.၆၇% | ၄.၃၃% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၈၉၂ | ၁၅၀၄ | ၂၃၉၆ | ၇၈၈ | ၁၃၉၄ | ၂၁၈၂ | ၁၀၄ | ၁၁၀ | ၂၁၄ | ၉၁.၀၇% | ၈.၉၃% | |
| ၄ | ချင်း | ၆ | ၇ | ၁၀ | ၇၃၀ | ၉၉၃ | ၁၇၂၃ | ၁၅၁ | ၂၅၀ | ၄၀၁ | ၅၇၉ | ၇၄၃ | ၁၃၂၂ | ၂၃.၂၇% | ၇၆.၇၃% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၅ | ၃၇ | ၂၃၈၉ | ၃၇၂၀ | ၆၁၀၉ | ၂၂၀၆ | ၃၄၆၂ | ၅၆၆၈ | ၁၈၃ | ၂၅၈ | ၄၄၁ | ၉၂.၇၈% | ၇.၂၂% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၇ | ၉၉၄ | ၁၆၄၁ | ၂၆၃၅ | ၉၂၂ | ၁၅၇၃ | ၂၄၉၅ | ၇၂ | ၆၈ | ၁၄၀ | ၉၄.၆၉% | ၅.၃၁% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၃၀၈၃ | ၄၄၀၆ | ၇၄၈၉ | ၂၉၃၉ | ၄၂၁၀ | ၇၁၄၉ | ၁၄၄ | ၁၉၆ | ၃၄၀ | ၉၅.၁၉% | ၄.၈၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၂၅၄၇ | ၃၄၄၃ | ၅၉၉၀ | ၂၄၂၇ | ၃၃၄၄ | ၅၇၇၁ | ၁၂၀ | ၉၉ | ၂၁၉ | ၉၆.၃၄% | ၃.၆၆% | |
| ၉ | မကွေး | ၇ | ၂၃ | ၄၄ | ၄၀၅၃ | ၅၇၆၈ | ၉၈၂၁ | ၃၈၅၂ | ၅၆၁၈ | ၉၄၇၀ | ၂၀၁ | ၁၅၀ | ၃၅၁ | ၉၆.၄၃% | ၃.၅၇% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၈၃၉၇ | ၁၁၈၁၉ | ၂၀၂၁၆ | ၈၀၀၉ | ၁၁၄၀၄ | ၁၉၄၁၃ | ၃၈၈ | ၄၁၅ | ၈၀၃ | ၉၆.၀၃% | ၃.၉၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၂၂၇၄ | ၃၇၄၁ | ၆၀၁၅ | ၂၁၄၉ | ၃၆၁၈ | ၅၇၆၇ | ၁၂၅ | ၁၂၃ | ၂၄၈ | ၉၅.၈၈% | ၄.၁၂% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၉ | ၈၄၀၀ | ၁၀၂၀၂ | ၁၈၆၀၂ | ၃၉၃၇ | ၄၅၉၃ | ၈၅၃၀ | ၄၄၆၃ | ၅၆၀၉ | ၁၀၀၇၂ | ၄၅.၈၆% | ၅၄.၁၄% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၃ | ၈၆၀၉ | ၁၀၃၄၃ | ၁၈၉၅၂ | ၈၁၄၁ | ၉၉၀၄ | ၁၈၀၄၅ | ၄၆၈ | ၄၃၉ | ၉၀၇ | ၉၅.၂၁% | ၄.၇၉% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၄ | ၃၁၀၆ | ၄၉၆၈ | ၈၀၇၄ | ၂၉၄၉ | ၄၇၄၉ | ၇၆၉၈ | ၁၅၇ | ၂၁၉ | ၃၇၆ | ၉၅.၃၄% | ၄.၆၆% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၁၁၂၄ | ၁၇၂၉ | ၂၈၅၃ | ၇၇၇ | ၁၂၀၃ | ၁၉၈၀ | ၃၄၇ | ၅၂၆ | ၈၇၃ | ၆၉.၄၀% | ၃၀.၆၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၄၅၀ | ၆၅၄ | ၁၁၀၄ | ၄၂၀ | ၆၃၂ | ၁၀၅၂ | ၃၀ | ၂၂ | ၅၂ | ၉၅.၂၉% | ၄.၇၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၃၀ | ၈၂၇၁ | ၁၁၅၇၆ | ၁၉၈၄၇ | ၇၇၆၂ | ၁၁၁၈၀ | ၁၈၉၄၂ | ၅၀၉ | ၃၉၆ | ၉၀၅ | ၉၅.၄၄% | ၄.၅၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၃၇၅၀ | ၄၉၂၆ | ၈၆၇၆ | ၃၆၁၁ | ၄၈၁၁ | ၈၄၂၂ | ၁၃၉ | ၁၁၅ | ၂၅၄ | ၉၇.၀၇% | ၂.၉၃% | |
| ၁၉ | နိုင်ငံခြား | | | ၁၁ | ၆ | ၈ | ၁၄ | ၆ | ၇ | ၁၃ | ၀ | ၁ | ၁ | ၉၂.၈၆% | ၇.၁၄% | |
| စုစုပေါင်း | | ၁၁၈ | ၂၉၃ | ၈၄၁ | ၆၁၄၂၄ | ၈၅၀၉၉ | ၁၄၆၅၂၃ | ၅၃၂၄၃ | ၇၅၄၈၂ | ၁၂၈၇၂၅ | ၈၁၈၁ | ၉၆၁၇ | ၁၇၇၉၈ | ၈၇.၈၅% | ၁၂.၁၅% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# အမြို့မြို့အနယ်နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ (အင်္ဂလိပ်စာဘာသာ) ဖြေဆိုမှုမြင်ကွင်း



ကော့ကရိတ်မြို့နယ် — ခရိုင် (ပြန်/ဆက်)



မအူပင်မြို့ — အောင်မြင့်မြတ် (ပြန်/ဆက်)



မြူးမြို့နယ် — နေမျိုးလွင်(ပြန်/ဆက်)



ဝန်းသိုမြို့နယ် — မြို့နယ် (ပြန်/ဆက်)



ဇလွန်မြို့နယ် — မြို့နယ်(ပြန်/ဆက်)



ချောင်းဆုံမြို့နယ် — မြို့နယ် (ပြန်/ဆက်)



နမ့်စန်မြို့နယ် — သူရအောင်(နမ့်စန်)



တီးတိန်မြို့ — မိုးမိုး



သာပေါင်းမြို့နယ် — မျိုးဇော်သိန်း



လှည်းကူးမြို့နယ် — မြင့်ဦး



ဝေါမြို့နယ် — အောင်မြတ်လင်း (ပြန်/ဆက်)

# အမြို့မြို့အနယ်နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ (အင်္ဂလိပ်စာဘာသာ) ဖြေဆိုမှုမြင်ကွင်း

လေးမျက်နှာမြို့နယ်



မြို့နယ်(ပြန်/ဆက်)

ကျွန်းစုမြို့နယ်



ထက်မြင့်(ကျွန်းစု)

မြဝတီမြို့နယ်



ဇာဖြူဝင်း(ပြန်/ဆက်)

ဆိပ်ဖြူမြို့နယ်



ကိုဇွဲ(အညာမြေ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်



၂၈၅

လှိုင်းဘွဲ့မြို့နယ်



စောဒီ(ပြန်/ဆက်)

ညောင်ရွှေမြို့နယ်



စိုင်းအယ်ဘဲ

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်



မြို့နယ်(ပြန်/ဆက်)

မာန်အောင်မြို့နယ်



သိန်းဇေ(ပြန်/ဆက်)

အင်္ဂပူမြို့နယ်



မင်းကျော်(ပြန်/ဆက်)

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်/မယ်များနှင့် တွေ့ဆုံမေးမြန်းခြင်း

**တွေ့ဆုံမေးမြန်း-သိမ့်သိမ့်မျိုး(လ/ထည္ဆန်မှူး)၊ မှတ်တမ်းတင်သူ- ဇော်ဝင်းအောင်(ဓာတ်ပုံ-၂)**

လူရည်ချွန်စီမံကိန်းကို ပညာရေးဝန်ကြီးဌာနက ၁၉၆၄ ခုနှစ်မှစတင်၍ သတ္တမတန်းမှ ဒသမတန်းအထိ ရွေးချယ်ခဲ့သည်။ ယခုနှစ် စနစ်သစ်ပညာရေးတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ Grade- 9 မှ Grade-12 အထိ ပြန်လည်ရွေးချယ်ခဲ့ရာ ပညာရေးထူးချွန်မှုသာမက ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဆိုသည့် ဗလငါးတန်ပြည့်စုံစေရန်နှင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားပြီး နိုင်ငံတော်ကိုဦးဆောင်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်မွေးထုတ်ပေးလျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade-10 မှ နှစ်ထပ်ကွမ်းလူရည်ချွန် မဖြိုးဖြိုးသွယ်နှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(မြို့မ) Grade-10 မှ လူရည်ချွန် မောင်ကျော်ဇင်သိုက်ထွန်းတို့နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-

**မေး။** ။ နှစ်ထပ်ကွမ်းလူရည်ချွန် ရွေးချယ်ခံရသူ မဖြိုးဖြိုးသွယ်အနေနဲ့ ရင်တွင်းခံစားချက်ကို ပြောပြပေးပါဦး။

**မဖြိုးဖြိုးသွယ်။** ။ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ သမီးတို့ လူရည်ချွန်ဖြေဆိုထားပြီး သတင်းစာမှာ ကြေညာခံရတယ်လို့ သိရတဲ့နေ့ကဆို အလွန်ပျော်ရွှင်မိပြီး အိပ်လို့တောင်မပျော်တဲ့အထိ ပီတိဖြစ်ရပါတယ်ရှင့်။

**မေး။** ။ လူရည်ချွန် မောင်ကျော်ဇင်သိုက်ထွန်းအနေနဲ့လည်း ရင်တွင်းစကားလေး ပြောပြပေးပါဦး။

**မောင်ကျော်ဇင်သိုက်ထွန်း။** ။ကျွန်တော်က၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကတည်းက လူရည်ချွန်ရဖို့ ကြိုးစားခဲ့ပေမယ့် မြို့နယ်အဆင့်နဲ့သာ ကျေနပ်ခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာတော့ ရမည်းသင်းခရိုင်အဆင့် Grade-10 အနေနဲ့ အခုလို လူရည်ချွန်ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော် လူရည်ချွန်အဖြစ် ရွေးချယ်ခံရတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။

**မေး။** ။ မဖြိုးဖြိုးသွယ်အနေနဲ့ နှစ်ထပ်ကွမ်းလူရည်ချွန်ဖြစ်ဖို့ ဘယ်လိုတွေ ကြိုးစားခဲ့ရသလဲဆိုတာကို ပြောပြပေးပါဦး။

**မဖြိုးဖြိုးသွယ်။** ။ လူရည်ချွန် ဖြစ်ဖို့အတွက် ကျောင်းစာအပြင် ဗဟုသုတရရှိတဲ့ စာအုပ်စာပေတွေကို လေ့လာမှတ်သားရပါတယ်။ ဒါ့အပြင် လူရည်ချွန်ဖြစ်ဖို့ အားကစားနဲ့ စာပေ ဘက်စုံထူးချွန်မှသာဖြစ်တဲ့အတွက် အားကစားကိုလည်း နေ့စဉ်ပုံမှန်လေ့ကျင့်ရပါတယ်။ လူရည်ချွန်ဖြစ်ဖို့ အမြဲလေ့ကျင့်နေရသလို အခြားပြိုင်ပွဲတွေနဲ့ လုံးဝမတူပါဘူး။ ခက်ခဲပါတယ်။ ဒါ့အပြင် မိဘ၊ ဆရာ ဆရာမတွေရဲ့သွန်သင်ဆုံးမမှုနဲ့ ကြိုးစားရသလို အဓိကတော့ အင်္ဂလိပ်စာကို နေ့စဉ်လေ့လာရပါတယ်။ လူရည်ချွန်ပြိုင်ဘက်တွေလည်း ရှိတာမို့ ကောင်းသောယှဉ်ပြိုင်ခြင်းနဲ့ ယှဉ်ပြိုင်ပြီး ဘက်စုံထူးချွန်အောင် ကြိုးစားခဲ့လို့ အခုလို လူရည်ချွန် ရွေးချယ်ခံရတာဖြစ်ပါတယ်။

**မေး။** ။ မောင်ကျော်ဇင်သိုက်ထွန်းအနေနဲ့ လူရည်ချွန်အတွက် ပြင်ဆင်ခဲ့ရတာလေးကို နောင်မျိုးဆက်သစ် ညီငယ်၊ ညီမငယ်တွေသိရအောင် ပြောပြပေးပါဦး။

**မောင်ကျော်ဇင်သိုက်ထွန်း။** ။ ကျွန်တော် က Grade-9 တုန်းက လူရည်ချွန်မရခဲ့ပါဘူး။ ဒါကြောင့် အခု Grade-10



အထက(၁) G-10 မှ နှစ်ထပ်ကွမ်းလူရည်ချွန် မဖြိုးဖြိုးသွယ်

မှာ လူရည်ချွန်ရအောင် နေ့စဉ်ကြိုးစားခဲ့ပါတယ်။ ကျောင်းစာအပြင် ဗဟုသုတရရှိဖို့ စာအုပ်စာစောင်တွေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်မှာ အမြဲမပြတ် လာရောက်လေ့လာဖတ်ရှုခဲ့ပါတယ်။ ဒါ့အပြင် မိဘဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှုကို လိုက်နာခဲ့ပါတယ်။ အားကစားကိုနီးကပ်မှ ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ယူမယ်ဆိုရင် အခက်အခဲများစွာ ရှိတတ်ပါတယ်။ ဒါကြောင့် အားကစားနှင့်ကာယပညာဦးစီးဌာနရဲ့ ကြီးကြပ်သွန်သင်ပေးမှုနဲ့ ကျောင်းဖွင့်စကတည်းက ပုံမှန်လေ့ကျင့်သင်ယူခဲ့ရပါတယ်။

**မေး။** ။ ထူးချွန်ထက်မြက်တဲ့သူဖြစ်ဖို့ မိဘဆရာတွေရဲ့ သွန်သင်ဆုံးမမှုခံယူခဲ့တာနဲ့ ပတ်သက်ပြီး ပြောကြားပေးပါဦး။

**မဖြိုးဖြိုးသွယ်။** ။ ကံ၊ ဉာဏ်၊ ဝီရိယဆိုပြီး သုံးခုရှိရာမှာ ဉာဏ်နဲ့ ဝီရိယ နှစ်ခုတည်း ကောင်းလို့မရပါဘူး။ ကံလည်း လိုပါတယ်။ ဒါကြောင့် မိဘ၊ ဆရာတွေရဲ့ သွန်သင်ဆုံးမမှုခံယူရသလို ဘုရား၊ တရား၊ သံဃာကိုလည်း မေ့ထားလို့မရပါဘူး။ စာတွေ့လက်တွေ့ ကောင်းစွာဖြေနိုင်ဖို့ဆိုရင် ကံကောင်းဖို့လည်းလိုပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဘုရား၊ တရား၊ သံဃာကိုလည်း မမေ့လျော့ဖို့ ပြောကြားလိုပါတယ်။

**မောင်ကျော်ဇင်သိုက်ထွန်း။** ။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဖြစ်တာမို့ ဘုရား၊ တရား၊ သံဃာကို မမေ့လျော့သင့်ပါဘူး။



အထက(မြို့မ) G-10 မှ လူရည်ချွန် မောင်ကျော်ဇင်သိုက်ထွန်း

ဗုဒ္ဓနဲ့ပတ်သက်တဲ့ စာပေတွေ လူရည်ချွန်စာမေးပွဲမှာလည်း ဖြေဆိုရပါတယ်။

**မေး။** ။ ကိုယ်ကာယ ကြံ့ခိုင်မှုအတွက် ဘယ်လိုလေ့ကျင့်ခဲ့ရသလဲ ဆိုတာကိုလည်း မျိုးဆက်သစ် ညီငယ်၊ ညီမငယ်တွေ သိအောင် ရှင်းပြပေးပါဦး။

**မဖြိုးဖြိုးသွယ်။** ။ ကိုယ်ကာယ ကြံ့ခိုင်ရေးမှာ လေ့ကျင့်ခန်းငါးမျိုးရှိပါတယ်။ (၁) အိပ်ထမတင်၊ (၂) မီတာ ၁၀၀၊ (၃) မီတာ ၄၀၀၊ (၄) အလျားခုန်နဲ့ (၅) ဒိုက်ထိုးတို့ ဖြစ်ပါတယ်။ အဲဒါတွေအတွက် ပထမဦးဆုံးနှစ်စကတည်းက ကိုယ့်ကိုယ်ကိုယ်ကျန်းမာအောင် ဂရုစိုက်ရပါတယ်ရှင့်။ ကျန်းမာမှ ဒီလေ့ကျင့်ခန်း မှန်မှန်လုပ်နိုင်ပါမယ်။ လူရည်ချွန်ဖြစ်ဖို့မှာ အားကစားကလည်း အရေးကြီးပါတယ်။ တချို့က စာကိုသာကြိုးစားပြီး အားကစားမှာ လိုအပ်ချက်ရှိကြလို့ လူရည်ချွန်နဲ့ လွဲသွားကြပါတယ်။

**မောင်ကျော်ဇင်သိုက်ထွန်း။** ။ ကိုယ်လက်လှုပ်ရှား အားကစားဆိုတာ လူတိုင်းအတွက် အရေးကြီးပါတယ်။ ဒါပေမဲ့ ကျောင်းသားလူငယ်တွေအနေနဲ့ အားကစားနည်းအလိုက် စနစ်တကျရှိစေဖို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှာရှိတဲ့ နည်းစနစ်မှန်ကန်အောင် သင်ယူလေ့ကျင့်ဖို့ လိုပါတယ်။ ကျွန်တော်ဆိုရင် နေ့စဉ် အားကစားကို ပုံမှန်လေ့ကျင့်သလို ကျောင်းပိတ်ရက်တွေအတွင်း အားကစားနည်းတွေကို ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရပါတယ်။ အားကစားပြုလုပ်ခြင်းကြောင့် စိတ်ရွှင်လန်းပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ စာတွေကို လေ့လာဖတ်မှတ်နိုင်ခဲ့ရပါတယ်။

**မေး။** ။ နောက်ဆုံး မေးခွန်းအနေနဲ့ မျိုးဆက်သစ် လူရည်ချွန်တွေအတွက် အကြံပြုစကားလေး ပြောကြားပေးပါဦး။

**မဖြိုးဖြိုးသွယ်။** ။ မျိုးဆက်သစ် မောင်လေး၊ ညီမလေးတွေကို သမီးလိုပဲ လူရည်ချွန် နှစ်ထပ်ကွမ်းမှ ထပ်ကွမ်းလူရည်ချွန်တွေဖြစ်စေချင်ပါတယ်ရှင်။ ပြီးတော့ နှစ်စကတည်းက ကျောင်းစာတွေကို မှန်မှန်သင်ယူသလို ပြင်ပဗဟုသုတရရှိစေဖို့ စာပေတွေကို အမြဲလေ့လာနေရပါမယ်။ ဘာကြောင့်လဲဆိုရင် သမီးတို့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လစဉ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရေးနည်းပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ အစရှိတဲ့ပြိုင်ပွဲတွေကို အမြဲဝင်ရောက်ယှဉ်ပြိုင်ရင်းနဲ့ စာအုပ်စာပေတွေကို ဖတ်ရှုခဲ့ရတာမို့ အသိပညာတွေရရှိခဲ့ပါတယ်။ သမီးအနေနဲ့ ကျောင်းသင်ခန်းစာအပြင် ဗဟုသုတရရှိဖို့ ဒီစာကြည့်တိုက်က အကျိုးရှိတဲ့စာပေတွေကို ဖတ်ရလို့ အထောက်အကူတွေအများကြီးရခဲ့ပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူတွေကို ကျောင်းစာအပြင် ဗဟုသုတရရှိစေမယ့် စာပေတွေ လေ့လာကြဖို့နဲ့ ကျန်းမာကြံ့ခိုင်ဖို့ အားကစားကိုလည်းမှန်မှန်လုပ်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မောင်ကျော်ဇင်သိုက်ထွန်း။** ။ ကျွန်တော့်အနေနဲ့ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်က Grade-9 မှာ မြို့နယ်အဆင့်အထိ လူရည်ချွန်ရွေးချယ်ခံရပြီး ခရိုင်အဆင့်မှာတော့ အားကစားမှာ လိုအပ်ချက်တွေရှိတာကြောင့် အရွေးချယ်မခံခဲ့ရပါဘူး။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-10 မှာ ဘက်စုံမျှတအောင် ကြိုးစားပြင်ဆင်ခဲ့လို့ လူရည်ချွန်ရွေးချယ်ခံခဲ့ရပါတယ်။ ဒါကြောင့် မျိုးဆက်သစ်တွေအနေနဲ့ ကျောင်းစာတစ်ခုတည်း ထူးချွန်လို့ လူရည်ချွန်မဖြစ်ပါဘူး။ ဘက်စုံထူးချွန်ဖို့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနဲ့ ဘောဂဆိုတဲ့ ဗလငါးတန်ပြည့်စုံဖို့ အရေးကြီးကြောင်း ဒီနေရာကနေ တိုက်တွန်းပြောကြားလိုပါတယ်။

ယခုကဲ့သို့ လူရည်ချွန်များ၊ ထပ်ဆင့်လူရည်ချွန်တွေဖြစ်လာရန်အတွက် ကြိုးစားအားထုတ်မှုတွေကို မျိုးဆက်သစ်များ နမူနာရယူနိုင်စေရန်နှင့် အတုယူနိုင်စေရန်အတွက် မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၄ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2024) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၄ ခုနှစ် အာဆီယံဆု (ASEAN Prize 2024)ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ခ ) အာဆီယံနှင့်ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေး ဆောင်ရွက်မှုများ၊

( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ ၂၀-၄-၂၀၂၄ **ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# ဂျပန်နိုင်ငံရှိ ဖူကူရှီးမားဒိုင်အိချီနျူကလီးယားဓာတ်အားပေးစက်ရုံသို့ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ သွားရောက်စစ်ဆေးမည်

**တိုကျို မတ် ၁၂**

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အကြီးအကဲ ဂရော့စီသည် ဂျပန်နိုင်ငံရှိ ဖူကူရှီးမား ဒိုင်အိချီ နျူကလီးယား ဓာတ်အားပေး စက်ရုံသို့ မတ် ၁၃ရက်တွင် သွားရောက် စစ်ဆေးမည်ဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်း တစ်ရပ်အရ သိရသည်။

ဂရော့စီသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ သုံးရက်ကြာ ခရီးသွားရောက်မည် ဖြစ်သည်။

ယခုခရီးစဉ်သည် ဖူကူရှီးမားဒိုင်အိချီနျူကလီးယား ဓာတ်အားပေးစက်ရုံမှ သမုဒ္ဒရာထဲသို့ သန့်စင်ထားသော ရေများကို စွန့်ထုတ်ပြီးချိန်မှ စတင်၍ ၎င်း၏ ပထမဆုံးခရီးစဉ်ဖြစ်သည်။ သန့်စင်ထားသောရေကို သမုဒ္ဒရာထဲသို့မစွန့်ထုတ်မီတွင် သောက်သုံးရေအတွက်အသုံးပြုနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်မှုအရ ပါဝင်ဓာတ်ပစ္စည်းအဆင့်ကို လျှော့ချခဲ့သည်။

၎င်းရေစွန့်ထုတ်မှုသည် နိုင်ငံတကာ ဘေးကင်းရေးစံနှုန်းများနှင့် ကိုက်ညီကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက ထုတ်ပြန်သော အစီရင်ခံစာ တွင် ထပ်မံအတည်ပြုခဲ့သည်။

**ကိုးကား အင်န်အိတ်ချ်ကေ**
**ဘာသာပြန် စိုးသူရ**






# တရုတ်နိုင်ငံက နွေရာသီကာလစိုက်ပျိုးရေးလုပ်ငန်းများကို ပံ့ပိုးရန် ယွမ်သန်း ၈၃၀ ခွဲဝေပေး

**ပေကျင်း မတ် ၁၂**

တရုတ်နိုင်ငံသည် ယခုနှစ် နွေရာသီကာလ စိုက်ပျိုးရေးလုပ်ငန်းများ ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးရန် ယွမ်သန်း ၈၃၀ (အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၉ သန်း) ခွဲဝေပေးထားကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

**ပူးပေါင်းခွဲဝေပေး**

အဆိုပါ ရန်ပုံငွေကို တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းခွဲဝေပေးခဲ့ခြင်းဖြစ်သည်။

ကျန်ဖူး၊ အန်ဟေး၊ ဟီနန်၊ ဟူဘေနှင့် ဟူနန်အပါအဝင် ဒေသနှင့် ပြည်နယ်အဆင့် ၁၂ ခုရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းဆိုင်ရာ စက်ရုံများ ပြန်လည်ထူထောင်ရေးနှင့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ မြှင့်တင်ရန်အတွက် ယင်းရန်ပုံငွေကို အသုံးပြုမည် ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ စပါးအထွက်နှုန်းသည် ယမန်နှစ်တွင် တန်ချိန် ၆၉၅ ဒသမ ၄ သန်းအထိ စံချိန်တင် မြင့်တက်ခဲ့ပြီး တစ်ဦးချင်း လက်ဝယ်တွင် စပါးရှိမှုသည် ၄၉၃ ကီလိုဂရမ်ရှိကြောင်း တရားဝင် အချက်အလက် များအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ပါကစ္စတန်နိုင်ငံ၌ လူနေအဆောက်အအုံပြိုကျမှုကြောင့် လူကိုးဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် မတ် ၁၂**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် မူလ်တန်မြို့၌ မတ် ၁၂ ရက်က လူနေအဆောက်အအုံ ပြိုကျမှုကြောင့် အနည်းဆုံး လူကိုးဦး သေဆုံးပြီး နှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

မြို့တော် ဟာရမ်ဂိတ်အနီးရှိ အဆိုပါ သုံးထပ် အဆောက်အအုံသည် နံနက်အစောပိုင်းက ပြိုကျခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်ငန်းကို ဦးဆောင်နေသည့် မူလ်တန်ခရိုင် အရေးပေါ်ကယ်ဆယ်ရေးအရာရှိ ကီလမ်အူလ်လာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အပျက်အစီးများအောက်တွင် ပိတ်မိနေသူ စုစုပေါင်း ၁၁ ဦးရှိကြောင်းနှင့် နာရီပေါင်းများစွာ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် ရုပ်အလောင်း ကိုးလောင်းကို ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီး နှစ်ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ သေဆုံးသူအားလုံးကို နယ်မြေခံဆေးရုံသို့ပို့ဆောင်ထားကြောင်းနှင့် သေဆုံးသူများတွင် မိသားစုတစ်စုတည်းမှ လူ ခုနစ်ဦး ပါဝင်ကြောင်း မူလ်တန်ခရိုင် အရေးပေါ် ကယ်ဆယ်ရေးအရာရှိကီလမ်အူလ်လာက ဆက်လက် ပြောကြား သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




# နိုတိုကျွန်းဆွယ်ငလျင်လှုပ်ခတ်မှုဒဏ်ခံရသော ဒေသများတွင် ခရီးသွားလုပ်ငန်းကို ပံ့ပိုးကူညီမည်

**တိုကျို မတ် ၁၂**

ဂျပန်နိုင်ငံရှိ နိုတိုကျွန်းဆွယ်ငလျင်လှုပ်ခတ်မှုဒဏ်ခံရသော ဒေသများတွင် ခရီးသွားလုပ်ငန်းကို ပံ့ပိုးကူညီရန်အတွက် ဂျပန်အစိုးရ၏ ကျောထောက်နောက်ခံပြုမှု အစီအစဉ်ကို အီရှီကာဝါစီရင်စုတွင် စတင်လိုက်ပြီဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

၎င်းအစီအစဉ်အရ ပြည်တွင်းနှင့် ပြည်ပခရီးသွားများအတွက် သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုစရိတ်များအတွက် ဈေးလျှော့ပေးနေပြီး ဟိုတယ်များနှင့် ခရီးသွားအေဂျင်စီများသည် ယနေ့တွင် တည်းခိုရေးအတွက် ကြိုတင်စာရင်းပေးမှုများကို စတင်လက်ခံနေပြီဖြစ်သည်။ ဖူကာအီ၊ တိုယာမာနှင့် နီဂါတာစီရင်စုများတွင် ကြိုတင်စာရင်းသွင်းမှုများကို စတင်လုပ်ဆောင်ခဲ့သည်။

အီရှီကာဝါစီရင်စု ကာဂါမြို့ ရေပူစမ်းအပန်းဖြေစခန်းရှိ ဟိုတယ်တစ်ခုတွင် ခရီးသွားများထံမှ ဖုန်းခေါ်၍ ကြိုတင်စာရင်းသွင်းမှုများ ပြည့်နှက်နေသည်။ ယင်း ဟိုတယ်သည် ဒေသတွင်း စားသောက်ကုန်များနှင့် ဆာကေးယမကာများ ပါဝင်သော တည်းခိုနေထိုင်ရေး အစီအစဉ်ကို လာရောက်တည်းခိုသူများအတွက်စီစဉ်ထားကြောင်း သိရသည်။

ပြည်ပမှလာရောက်လည်ပတ်သူများ အပါအဝင် ခရီးသွားများသည် ယခုဆောင်ရွက်မည့် ထောက်ပံ့ရေးအစီအစဉ်အတွက် အကျုံးဝင်ပြီး ဗဟိုအစိုးရသည် သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုစရိတ်၏ ထက်ဝက်ကို ပေးဆောင်မည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ဂါဇာကမ်းမြောင်ဒေသအတွက် စားနပ်ရိက္ခာများတင်ဆောင်ထားသည့် ထောက်ပံ့ရေးသင်္ဘော ဆိုက်ပရပ်စ်နိုင်ငံမှ ထွက်ခွာ




**ဂျေရုဆလင် မတ် ၁၂**

ဂါဇာကမ်းမြောင်ဒေသအတွက် စားနပ်ရိက္ခာများတင်ဆောင်ထားသည့် ထောက်ပံ့ရေးသင်္ဘောတစ်စင်းသည် မြေထဲပင်လယ် ဆိုက်ပရပ်စ်နိုင်ငံရှိ ဆိပ်ကမ်းတစ်ခုမှ ထွက်ခွာသွားပြီဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

**ပို့ဆောင်ပေးမည်**

အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် အခြားနိုင်ငံများ ပူးပေါင်း၍ ဂါဇာကမ်းမြောင်သို့ သင်္ဘောဖြင့် ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးမည့် အစီအစဉ်ကို ဆောင်ရွက်နေကြောင်း ဥရောပကော်မရှင် အကြီးအကဲ ဗွန်ဒါလီယန်က ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပြောကြားခဲ့သည်။

၎င်းသင်္ဘောသည် အစားအသောက်နှင့် ဆေးဝါးအပါအဝင် ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၁၅၀ ခန့် တင်ဆောင်ထားပြီး ဂါဇာသို့ရောက်ရှိရန် နာရီ ၆၀ ခန့်ကြာမည်ဖြစ်ကြောင်း ဆိုက်ပရပ်စ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စရေး၏ စစ်ဆင်ရေးများကြားတွင် စားနပ်ရိက္ခာပြတ်လပ်မှုသည် ဂါဇာဒေသတွင် ဆိုးရွားလာသည်။ ထို့ပြင် ဂါဇာမြောက်ပိုင်းတွင် အာဟာရချို့တဲ့မှုနှင့် ရေဓာတ်ခန်းခြောက်မှုတို့ကြောင့် သေဆုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုးကား အင်န်အိတ်ချ်ကေ**
**ဘာသာပြန် စိုးသူရ**

# မြဝတီမြို့ ရွာသစ်ကျေးရွာအတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသမီး တစ်ဦး သေဆုံးပြီး အမျိုးသား သုံးဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် မတ် ၁၂

ကရင်ပြည်နယ် မြဝတီမြို့အတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မတ် ၇ ရက် ညနေပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူ တစ်ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ ရွှေမြစန္ဒီတိုးချဲ့ ကွက်သစ်နေရာမှ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်တွင် ရွာသစ်ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်းရှိ ဒေါ်ဇင်မာထွန်း(ဘ)ဦးထွန်းကြည်၏ နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေါ်ဇင်မာထွန်းသည် လက်နက်ကြီးအစ ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ကာ ၎င်း၏နေအိမ်အနီးတွင် နေထိုင်သည့် အမျိုးသား သုံးဦး(စိုးရိမ်ရ) ထိခိုက်ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးသူနှင့် ဒဏ်ရာရသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူများအား လိုအပ်သည့် ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ မြို့/ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများက ကန့်ကွက် ရှုတ်ချလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သတင်းစဉ်

# မိန်းကလေးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများ လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ အောင်မြတ်သူ(ခ)အောင်အောင်(ခ)ကတုံး၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်နေ ဒေါ်သန်းသန်းအေးနှင့် ဟိုင်းကြီးကျွန်းမြို့နယ်နေ ဒေါ်မအေးတို့က ငပုတောမြို့နယ်နေ မ ---၊ ၁၆/၂၀၂၃ နှစ်၊ နေပြည်တော်နေ မ ---၊ ၁၉/၂၀၂၃ နှစ်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်နေ မ---၊ ၂၀/၂၀၂၃ နှစ်တို့ကို ကျိုင်းတုံမြို့တွင် အလုပ်ရရှိမည်၊ မြန်မာငွေကျပ်သိန်း ၃၀ ရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သဖြင့် ကျိုင်းတုံမြို့မရဲစခန်း(ပ) ၁၈၀/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ - ၃၅/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ကျိုင်းတုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၁ ရက်တွင် တရားခံအောင်မြတ်သူ(ခ)အောင်အောင်(ခ)ကတုံး၊ သန်းသန်းအေးနှင့် မအေးတို့သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရလည်းကောင်း အလုပ်နှင့်ထောင်ဒဏ် (၁၅)နှစ်စီ အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၇ ရက်တွင် မော်လမြိုင်-ဘားအံကားလမ်း စက်မှုဇုန်အနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ရော်ဘာနေလှမ်းပြား ကီလိုဂရမ် ၈၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မတ် ၁၁ ရက်တွင် သထုံမြို့နယ် လေးတိုင်ကျေးရွာအနီး၌ တရားမဝင်အခြားသစ် ၁ ဒသမ ၂၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၂၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၈၄၄၂၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်တွင် မန္တလေးမြို့အဝင် ထုံးဘိုတိုးဂိတ်အနီး၌ ရန်ကုန်မြို့မှမန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ Damage Care ခေါင်းလျှော်ရည် ဘူး ၄၅၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မတ် ၁၁ ရက်တွင် မန္တလေးမြို့အဝင် တံခွန်တိုင်အဝိုင်းအနီး ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်မှုကုန်ကြမ်းဘေထုပ် ၁၇၅၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Diablo Beer ဘူး ၆၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၂၃၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၁ ရက်တွင် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် နတ္တလင်းခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၁၂ တန်၊ သစ်မာ ၅ ဒသမ ၉၂၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၆၂၈၄၅၂ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ မတ် ၁၂ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၈၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၇၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၄၆၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၄၅၈၇၉၉၁၂ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မတ် ၇ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၁၀၃၃၃၂ ကျပ်)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၃-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ် တောရှုပ်သုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံ့စီးပွားအလေးထား MSME လုပ်ငန်းများ
- ၀၉:၁၅ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့
- ၀၉:၃၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူ့အနားကချစ်လိပ်ပြာ' (အပိုင်း-၁၇)
- ၁၃:၀၅ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'အနောက်မြောက်ယွန်းယွန်းမှသည်... တိမ်ယံဆီသို့' (ဇာတ်သိမ်းပိုင်း)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၁၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၂၅ Next Level
- ၁၇:၃၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ ရယ်ရွှင်ပျော်(ဟာသတစ်ခန်းရုပ်ပြဇာတ်)
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူ့အနားကချစ်လိပ်ပြာ' (အပိုင်း-၂၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၆)

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy) |
| 07:05 | Myanmar Puppeteers (U Shwe Yoe & Daw Moe Dance) |
| 07:15 | Myanmar Masterclass: Artist Khin Maung Zaw |
| 07:24 | Bravocado Benefits |
| 07:46 | Gold from Garbage |
| 08:01 | News |
| 08:27 | Taungoo City Travelogue |
| 08:53 | Myanmar Traditional Snacks: Popped Rice Ball |
| 09:01 | Myanmar Traditional Brass Embossed Painting |
| 09:20 | Mogok, Ruby Land |
| 09:37 | Ocularist |
| 10:01 | News |

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ (အပိုင်း-၂-OMG)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ခေတ်သစ်ရှမ်း၊တိုင်းလုံ၊ပေါရှမ်း၊ဝုံရှမ်း၊တိုင်းနေတို့၏ ဝတ်စားဆင်ယင်မှုများ

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ဟင်းနုနွယ်နှင့်ကျန်းမာရေး

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ခရုချက်စားကြမယ်

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ဒူးကွင်း(ခေါ်)ကူဘိုးဒူပြုလုပ်ပုံ

**ဝကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
အုပ်ဆောင်းပြုလုပ်ပုံ

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၁၂)

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ပန်းချီဆရာ စောထွန်းလင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**ချင်း(လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ချဉ်ပေါင်ဟင်းရည်ချက်နည်း

**ချင်း(ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ဝိတိုရိယတောင်(ခေါ်)ခေါ်နူးစုပ်

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ချစ်စရာမွန်ရိုးရာအိုး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၄၅ SPORTS MAX
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူ့တာဝန်ယူ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ (အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၄)
- ၁၈:၀၀ Economic review

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
- ၀၆:၂၅ ခါနေ့ဆန်းစ တပေါင်းလ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Thirteen-Lives-2022 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Kijukiro (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၆:၄၅ Football Highlight
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly MNL Review

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်ဖို့ နိုင်ငံတော်ကာကွယ်ရေးတာဝန် ပါဝင်ထမ်းဆောင်ကြပါစို့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**မြန်မာတို့သည် ယဉ်ကျေးရည်မွန်၍ တည်ကြည်ဖြောင့်မတ်သောလူမျိုးများ ဖြစ်ကြသည်။ ပင်ကိုစရိုက်အရ ငြိမ်းချမ်းစွာနေထိုင်တတ်သော မြန်မာလူမျိုးတို့၏ မျိုးချစ်စိတ်ဓာတ်သည် အမျိုး၊ ဘာသာ၊ သာသနာကို ထိပါးလာပါက အသက်စွန့်၍ လက်တုံ့ပြန်တတ်ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတော်မြေဆိုလျှင် ရွှေတစ်စေ့၊ ဆံချည်တစ်မျှင်စာမျှ ထိပါးကျူးကျော်မှုကို လက်တုံ့ပြန်ရန် မနှေးတတ်သလို မိမိနိုင်ငံနှင့် လူမျိုးအပေါ် ချစ်တတ်သောစိတ်၊ မိမိလူမျိုးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်လိုသောစိတ်ဓာတ်များသည် မြန်မာလူမျိုးတို့၏ရင်တွင်း၌ ယနေ့တိုင် ရှင်သန်နေဆဲပင်ဖြစ်သည်။**

စင်စစ်အားဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အခြေခံစိတ်ဓာတ်သည် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လိုသော စိတ်ဆန္ဒများရှိကြပါသည်။ တည်ငြိမ်အေးချမ်းမှုရှိနေမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ဘဝလုံခြုံရေးအတွက် ကာကွယ်ရေးအင်အားတောင့်တင်းရန် လိုအပ်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင် ရှိသေခံ့ညားလောက်သည့် ကာကွယ်ရေးအင်အားရှိနေမှသာလျှင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများနှင့် လက်နက်ကိုင်အကြမ်းဖက်သမားများကို ဟန့်တားချေမှုန်းနိုင်မည်ဖြစ်သည်။

**ဝေဖန်ထိုးနှက်**

လက်ရှိအချိန်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည် အသက်ဝင်လာသည့်ကိစ္စနှင့် စပ်လျဉ်း၍ ပြည်သူများအကြားတွင် ထင်ကြေးအမျိုးမျိုးပေးကာ ပြောဆိုဝေဖန်လျက်ရှိကြသည်။ အစိုးရ၏ အပြုသဘောဆောင်သောကြိုးပမ်းဆောင်ရွက်မှုများကို အမြဲတစေ ဝေဖန်တိုက်ခိုက်လျက်ရှိသည့် ပြည်တွင်း၊ ပြည်ပမှ အကြမ်းဖက်အားပေး မီဒီယာများကလည်း လူငယ်များနှင့် မိဘများ ထိတ်လန့်စိုးရိမ်မှုဖြစ်အောင် ဝါဒဖြန့်ထုတ်လွှင့်ရေးသားလျက်ရှိကြသည်။ သို့သော် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသော ပြည်သူများသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို အသိအမှတ်ပြု ထောက်ခံလျက်ရှိကြသည်။

**ယခင်ကတည်းက ပြဋ္ဌာန်းထား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို အရေးပေါ်အသစ်ပြဋ္ဌာန်းလိုက်ခြင်းမဟုတ်ပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၉ ခုနှစ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားခဲ့သည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ် နဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့သည်။ ဆိုရလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်အတွင်း ဖြစ်ပေါ်လျက်ရှိသော ပကတိအခြေအနေအရ နိုင်ငံသားတိုင်း မိမိအဝန်းအဝိုင်းကို ကာကွယ်စောင့်ရှောက်သွားလိုသော စိတ်ဓာတ်ကိန်းအောင်းလာစေရန်ပင်ဖြစ်သည်။ စင်စစ်အားဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို မြန်မာနိုင်ငံတွင်သာ ပြဋ္ဌာန်းနေခြင်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများစွာတွင်လည်း ကျင့်သုံးလျက်ရှိသည်။

**စနစ်တကျ စုဖွဲ့ပြင်ဆင်လေ့ကျင့်**

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ ပြည်ဖျက်မီဒီယာများ၏ လှုံ့ဆော်ရေးသားထုတ်လွှင့်မှုများကြောင့် လူငယ်များနှင့် မိဘများ စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်းဥပဒေ၌ အကျုံးဝင်သည့် အမျိုးသား ၆ ဒသမ ၃ သန်းကျော်၊ အမျိုးသမီး ၇ ဒသမ ၇ သန်းကျော် စုစုပေါင်း ၁၃ သန်းခန့်ရှိသည်။ သို့ရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ယူရာတွင် အမျိုးသမီးများကို လတ်တလောခေါ်ယူရန် အစီအစဉ်မရှိသေးသဖြင့် အမျိုးသားဦးရေ ၆ သန်းကျော်ထဲကမှ တစ်ရာခိုင်နှုန်း ခြောက်သောင်းခန့်သာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရာတွင်လည်း စနစ်တကျခေါ်ယူသွားမည်ဖြစ်ပြီး ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အသက်အရွယ်အကျုံးဝင်သည့်တိုင်အောင် ပညာဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခွင့်ရရှိမည်ဖြစ်သည်။ အလားတူ နိုင်ငံခြားတွင် ပညာသင်ကြားနေသူများသည်လည်း ပညာဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခွင့်ရရှိမည်ဖြစ်သည်။

**❝ လက်ရှိအချိန်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့သည် ကာကွယ်ရေးအင်အားချည့်နဲ့သော နိုင်ငံငယ်များကို လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အကြောင်းပြချက်များဖြင့် စစ်ဆင်ရေးများဆင်နွှဲပြီး ၎င်းတို့မနှစ်သက်သည့် အစိုးရများကို ဖြုတ်ချကာ ရုပ်သေးအစိုးရများ တင်မြှောက်လျက် ကြိုးကိုင်ခြယ်လှယ်လေ့ရှိကြသည်။ ထို့ကြောင့် တိုင်းပြည်ကာကွယ်ရေးအင်အား တောင့်တင်းနေမှသာလျှင် ပြည်တွင်းရှိ အကြမ်းဖက်သမားများနှင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်လိုသူများကို ဟန့်တားနိုင်စွမ်းရှိမည် ဖြစ်သည်။ ထိုသို့ ကာကွယ်ရေးအင်အား တောင့်တင်းရန်သည် ပြည်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများစွာလိုအပ် ❞**

ထို့ပြင် စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ရာတွင်လည်း သတ်မှတ်ထားသော လစာနှုန်းထား၊ ရိက္ခာ၊ ခံစားခွင့်များ ရရှိမည်ဖြစ်သည်။ ထိုသို့ တာဝန်ပေးအပ်နိုင်ရေးအတွက် စနစ်တကျလေ့ကျင့်မှု(Well Train)၊ စနစ်တကျစုဖွဲ့မှု (Well Organization)၊ စနစ်တကျပြင်ဆင်မှု (Well Prepare)များ လုပ်ဆောင်သွားမည်ဖြစ်သည်။ လူငယ်များ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းကြံ့ခိုင်မှုဖြင့် ခံယူချက်ပြည့်ဝလာစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားပေးခြင်းအားဖြင့် လူငယ်များသည် မိမိကိုယ်ကို ယုံကြည်စိတ်၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်စိတ်၊ မိမိလူမျိုးနှင့် မိမိနိုင်ငံအပေါ် ယုံကြည်စိတ်များ မြင့်တက်လာမည်ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်ရန်လို**

လက်ရှိအချိန်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့သည် ကာကွယ်ရေးအင်အားချည့်နဲ့သော နိုင်ငံငယ်များကို လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အကြောင်းပြချက်များဖြင့် စစ်ဆင်ရေးများဆင်နွှဲပြီး ၎င်းတို့ မနှစ်သက်သည့် အစိုးရများကိုဖြုတ်ချကာ ရုပ်သေးအစိုးရများ တင်မြှောက်လျက် ကြိုးကိုင်ခြယ်လှယ်လေ့ရှိကြသည်။ ထို့ကြောင့် တိုင်းပြည်ကာကွယ်ရေးအင်အားတောင့်တင်းနေမှသာလျှင် ပြည်တွင်းရှိ အကြမ်းဖက်သမားများနှင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်လိုသူများကို ဟန့်တားနိုင်စွမ်းရှိမည်ဖြစ်သည်။ ထိုသို့ ကာကွယ်ရေးအင်အား တောင့်တင်းရန်သည် ပြည်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများစွာ လိုအပ်လျက်ရှိသည်။

**ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိ**

လက်ရှိအချိန်တွင် တချို့သော EAOs များနှင့် PDF များသည် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိပါးနှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်ကို ပြည်သူအားလုံးအသိပင်ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့/ရွာတချို့တွင် သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများသည် ပညာသင်ယူခွင့် လက်လွှတ်ဆုံးရှုံးရလျက်ရှိသည်။ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးစော်ကားသည့် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြသည်။ ဆိုရလျှင် သောင်းကျန်းသူအဖျက်သမားများ၏ လုပ်ရပ်များကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများစွာ ထိခိုက်နစ်နာလျက်ရှိသည်။

စင်စစ်အားဖြင့် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုစောင့်ထိန်းရန် တာဝန်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၌ အတိအလင်းပြဋ္ဌာန်းထားသည်။ ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟူသောအချက်နှင့် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟူသည့်အချက်တို့ ပြဋ္ဌာန်းပါရှိသည်။

**အကျိုးကျေးဇူးများစွာ**

လူငယ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်နိုင်သည့် အသိပညာ အတတ်ပညာများ တတ်မြောက်ခြင်း၊ အဖွဲ့အစည်းနှင့် လုပ်တတ်ကိုင်တတ်သည့်စိတ်ဓာတ် (Team Work, Team Spirit) များရရှိခြင်း၊ မျိုးချစ်စိတ်ဓာတ်ရှိသူအချင်းချင်း၊ နိုင်ငံချစ်စိတ်ရှိသူအချင်းချင်း၊ မိတ်ဆွေအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ စည်းကမ်းလိုက်နာလိုသည့်စိတ်စသည့် စွမ်းရည်စွမ်းအားများ တိုးတက်လာစေမည်ဖြစ်သည်။ အထူးသဖြင့် မိမိနိုင်ငံကို ကာကွယ်နိုင်သည်ဆိုသော ယုံကြည်မှု၊ မိမိကိုယ်ကိုကာကွယ်နိုင်သည်ဆိုသော ယုံကြည်မှု၊ မိမိမိသားစုကိုကာကွယ်နိုင်သည်ဆိုသော ယုံကြည်မှု၊ မိမိလူမျိုးကိုကာကွယ်နိုင်သည်ဆိုသော ယုံကြည်မှုများ ရှိလာမည်ဖြစ်သည်။

**နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်ဖို့**

တိုင်းပြည်အတွင်းရှိသည့် နိုင်ငံ့စွမ်းအားစုအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းသည် အမျိုးသားစစ်မှုထမ်းစနစ် (National Service) ပင်ဖြစ်သည်။ အမျိုးသားစစ်မှုထမ်းစနစ်သည် နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်ရသည့်စီမံချက် (Long Term Plan)တစ်ခုပင်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေးစွမ်းအား (Economic Might)နှင့် ကာကွယ်ရေးစွမ်းအား (Military Might)တို့ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

စင်စစ်အားဖြင့် နိုင်ငံသားတိုင်းသည် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို အစဉ်အမြဲ ကာကွယ်စောင့်ရှောက်လျက်ရှိသည့် တပ်မတော်ကို အားဖြည့်ကူညီပေးရန် လိုအပ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းနေမှသာလျှင် ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံးသည် တပ်မတော်နှင့်အတူ တိုင်းပြည်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်သွားရန် လိုအပ်သည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရားများအရသော်လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရသော်လည်းကောင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အရသော်လည်းကောင်း နိုင်ငံတော်ကာကွယ်ရေးတွင် ပါဝင်ထမ်းဆောင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး



**ထားဝယ် မတ် ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းနောင်က စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဖြေဆို/ပျက်ကွက်သူဦးရေစာရင်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက စာမေးပွဲအခန်းတာဝန်ကျကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ စာမေးပွဲကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သက်ဆိုင်ရာ စာစစ်ဌာန ၁၇ ခု၌ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုသူ ကျား ၉၂၂ ဦး၊ မ ၁၅၇၃ ဦး စုစုပေါင်း ၂၄၉၅ ဦး (၉၄ ဒသမ ၆၉ ရာခိုင်နှုန်း) ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မုံရွာစီးပွားရေးတက္ကသိုလ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ



**မုံရွာ မတ် ၁၂**

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၂ ရက် မွန်းလွဲ ၁နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာစီးပွားရေးတက္ကသိုလ် ငွေရတုခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

၎င်းအခမ်းအနားသို့ မုံရွာစီးပွားရေးတက္ကသိုလ်ရှိ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ သင်ကြားရေးဌာနများမှ ဆရာ ဆရာမများ၊ စီမံ / ဘဏ္ဍာနှင့် သင်တန်းရေးရာဌာနများမှ အရာရှိများနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**နောင်ချို မတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ယနေ့ နံနက် ၁၁ နာရီက မြို့အဝင်စစ်ဆေးရေးဂိတ်နှင့် လူစည်ကားရာနေရာများတွင် ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူလင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့အဝင်စစ်ဆေးရေးဂိတ်နှင့် လူစည်ကားရာနေရာများတွင် ပြည်သူများကို ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးရှင်းလင်းခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

ဆက်လက်၍ နောင်ချိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ဝင်များကလည်း မိမိတို့သက်ဆိုင်ရာ ကျေးရွာများတွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိုင်းယောင်းမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ရှင်းလင်း

**မိုင်းယောင်း မတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အတွင်းရေးမှူး (ကိုယ်စား) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်လှက ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်း၏ ရည်ရွယ်ချက်များနှင့် လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဝင် မိုင်းယောင်းတပ်နယ် ခေတ္တတပ်နယ်မှူး ဗိုလ်မှူးစိုးအောင်နိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အာဏာတည်ခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး "ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာများ" လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ဆွေးနွေးပွဲကျင်းပ

**ကျောက်ပန်းတောင်း မတ် ၁၂**

မန္တလေးတိုင်း ဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံ့ပင်ကျေးရွာ အုပ်ချုပ်ရေးမှူးအိမ်၌ မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၁၅မိနစ်က ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ ဆွေးနွေးပွဲ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးတို့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား လက်ကမ်း စာစောင်များကို ကျေးရွာနေ ပြည်သူများထံသို့ ဖြန့်ဝေပေးသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးနောင်ထွန်းနိုင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများ၏ သိရှိလိုသော မေးမြန်းချက်များကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဦးက ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ပံ့ပင်ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့် ရပ်မိရပ်ဖအင်အား စုစုပေါင်း ၇၃ ဦး တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❀ **ကျောဖုံးမှ**

ကစားနိုင်ခဲ့တဲ့ ကစားသမားကတော့ ပယ်လ်မာဖြစ်ပြီး ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးနဲ့ ဂိုးဖန်တီးမှုတစ်ကြိမ်လည်း ပြုလုပ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

ပယ်လ်မာဟာ ယခုဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုး ၁၉ ဂိုးအထိ ပါဝင်ပတ်သက်မှုရှိနေပြီး ၁၁ ဂိုးသွင်း၊ ဂိုးဖန်တီးမှု ရှစ်ကြိမ်ပြုလုပ်ထားသူဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် ၂၇ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၃၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၁)နေရာမှာ ရပ်တည်နေပြီး နယူးကာဆယ်အသင်းကတော့ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ချယ်လ်ဆီးထက် တစ်ပွဲပိုကစားထားကာ ရမှတ် ၄၀ နဲ့ အဆင့်(၁၀)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ**
**စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၂၇)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –
- (က) "မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ"
- ( ခ ) "မူးယစ်ဆေးဝါးကာကွယ်ရေးအသိပညာမြှင့်တင်ပေး"
- ( ဂ ) "မူးယစ်အဆိပ်ငွေ့ ကင်းစင်မှ တိုးပွားရှင်သန် မျိုးဗီဇ"
- (ဃ) "ဥာဏ်ရည်လည်းရှုံး လူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်"
- ( င ) "လူ့ဘောင်သာယာလှပဖို့ နွေးထွေးပွေ့ဖက်ဖေးမလို့ မူးယစ်စွဲသူ ကူညီစို့"
- (စ) "မူးယစ်ကင်းကွာပပျောက်ဖို့ လူကြီးလူငယ်လက်တွဲစို့" **(Photo Essay ယှဉ်ပြိုင်ရန် အတွက်သာ)**
- (ဆ) "ခွဲခြားနှိမ့်ချ ကင်းစင်ဝေး၊ ကာကွယ်ရေးကို အလေးပေး၊ လူသားအားလုံး ကျန်းမာရေး"
  "People First: stop stigma and discrimination, strengthen prevention."

(၂) **ဝတ္ထုတိုနှင့် ဆောင်းပါး** စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူ ပေါင်းနှစ်စောင် ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။ ပြိုင်ပွဲဝင် ဝတ္ထုတွင် ပေးအပ်ထားသော ဆောင်ပုဒ်များကို အကျုံးဝင်ဖော်ဆောင်နိုင်သည့် ဝတ္ထုခေါင်းစဉ် တပ်နိုင်သည်။

(၃) **ကဗျာ** စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူ ပေါင်းနှစ်စောင် ပေးပို့ရမည်။ မြန်မာကဗျာ စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀ မှ ၂၀၀) အတွင်း ရှိရမည်။

(၄) **တေးသီချင်း** သည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်၍ ပရိသတ် နားစွဲလွယ်သော မူးယစ်ဆေးဝါးအလွဲသုံးမှု ပပျောက်စေရေး နှစ်သက်ရာခေါင်းစဉ်ဖြင့် ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ် အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်း တစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

(၅) **ဓာတ်ပုံ**သည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် အဖြူအမည်းဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး 10″ x 14″ အရွယ် အနည်းဆုံး သုံးပုံမှ အများဆုံး ငါးပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပြိုင်ပွဲဝင်ပုံများ၏ Original Files များနှင့် 10″ x 14″ ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံများသာဖြစ်ရပါမည်။ Digital အထူးပြုလုပ်ချက်များ ပြုလုပ်ခွင့်မရှိပါ။

(၆) **ကွန်ပျူတာပိုစတာ** သည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့်ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်းမပြုရ။ ရေးဆွဲသည့်ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်။ ကျောဘက် သို့မဟုတ် ပိုစတာဒီဇိုင်း၏ ညာဘက်အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။ ပိုစတာကို အလျားလိုက်(Landscape) ရေးဆွဲပေးပို့ရပါမည်။

(၇) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ** ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ဟူ၍ သုံးဆင့်ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (Grade 2 – Grade 5 )၊ အလယ်တန်းအဆင့် (Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10 – Grade 12 ) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူ ယူလာရန် မလိုပါ။ 15″ x 20″ အရွယ် ရေးဆွဲရမည်။ ခဲတံ သို့မဟုတ် ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ ရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) **ကွန်ပျူတာပန်းချီ** ပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်း ဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10 – Grade 12 ) ဖြစ်ပါသည်။ မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်လိုပါက အလယ်တန်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံ မပါစေရ။ Software Programme ကို Corel draw၊ Photoshop၊ Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်သည်။ ယှဉ်ပြိုင်သည့် ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၉) **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ** ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) **ဓာတ်ပုံ** ပြိုင်ပွဲဝင်တစ်ဦးလျှင် 10″ x 14″ အရွယ် Photo Essay အနည်းဆုံး သုံးပုံမှ အများဆုံး ငါးပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏အကြောင်းအရာ Caption ကို စာကြောင်းရေ ငါးကြောင်းခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆု ခံစားခွင့်ရှိသည်။ Photo Essay ကို **"မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ရင်သွေးများအား မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကြပါစို့"** ခေါင်းစဉ်ဖြင့် သီးသန့်ယှဉ်ပြိုင်ရမည်။

(၁၁) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ** ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲများမှ တစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲ ကျင်းပရမည်။

(၁၂) **ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ နှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်း ဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။**

(၁၃) ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ဝ၁၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| | |
|---|---|
| (က)တေးသီချင်း | ၃-၅-၂၀၂၄ |
| ( ခ )ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၃-၅-၂၀၂၄ |
| ( ဂ )ကွန်ပျူတာပိုစတာ | ၄-၆-၂၀၂၄ |
| (ဃ )ဓာတ်ပုံ | ၃-၆-၂၀၂၄ |
| ( င )ပန်းချီ၊ ကာတွန်း၊ ပိုစတာ | ၇-၆-၂၀၂၄ |
| ( စ )ကွန်ပျူတာပန်းချီ | ၁၀-၆-၂၀၂၄ |

(၁၅) အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးနှင့် ပြိုင်ပွဲ အားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု သုံးဆု ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည် ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန် အဖြစ်ခံယူကာ ပြည်သူအားလုံးမှ တက်ကြွစွာပူးပေါင်း ပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ ပဥ္စမအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၂**

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသား မြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌ- ၁ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ယခုပဥ္စမအကြိမ် အစည်းအဝေးတွင် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့် မြေနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေများ၊ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၁) နှင့် (၂) တို့မှ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာမူဝါဒ သဘောတူညီချက်များ၊ အမျိုးသားမြေအသုံးချမှု မူဝါဒများနှင့် ညီညွတ်စေရေး အလေးထားဆောင်ရွက်ပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆဲဥပဒေများအား လွှမ်းခြုံ၍ လက်ရှိမူဝါဒများနှင့် ကိုက်ညီသော အမျိုးသားမြေဥပဒေ မူကြမ်းဖြစ်စေရေး အလေးထား စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ (၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသား မြေဥပဒေ ရေးဆွဲပြုစုရာတွင် ပါဝင်သင့်သည့် အချက်များနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ ဥပဒေအခန်းအလိုက် ထည့်သွင်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းအဖွဲ့ဆိုင်ရာများကိုလည်းကောင်း၊ ဥပဒေရေးဆွဲရေးအဖွဲ့ငယ် သုံးဖွဲ့ အဖွဲ့ခေါင်းဆောင်များက အမျိုးသား မြေဥပဒေ မူကြမ်းပြုစုထားရှိသည့် အခန်းများအလိုက် အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ အစည်းအဝေး တက်ရောက်လာကြသူများက အကြံပြု သုံးသပ်ဆွေးနွေးခြင်း၊ ဖြည့်စွက်တင်ပြခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




**၁၁-၃-၂၀၂၄ ရက်မှအဆက်**

ကျွန်တော့်စကားကို ကျော်ညွန့်က ခေါင်းခါ၍ ဝင်ဖြတ်သည်။

"ဒါနဲ့ တက္ကသိုလ်တက်တာနဲ့ ဘာဆိုင်လို့လဲ"

အ,ယောင်ပြုနေသော သူ့ကို သိပ်စိတ်မရှည်တော့။

"ဆိုင်တာပေါ့ကွ၊ တက္ကသိုလ်ဆိုတာ တော်ရုံငွေကြေးပမာဏနဲ့ တက်နိုင်တာမဟုတ်ဘူး။ တစ်လတစ်လကို ကျောင်းစရိတ်၊ စားစရိတ် နည်းနည်းနောနော ကုန်တာမဟုတ်ဘူး"

"ဟာ ... ဒါတော့ ဒါပေါ့ကွ၊ ဒါပေမဲ့ ဖြစ်အောင်တော့ လုပ်ယူရမှာပေါ့။ တို့လည်းရှိတာပဲ၊ နောက်ပြီး စတိုင်ပင်တွေ ဘာတွေလည်း လျှောက်လို့ရပါတယ်"

ထိုစဉ်က သူ့စကားကို အလိုက်သင့် နားထောင်ခဲ့သော်လည်း အမေနှင့် ပတ်သက်၍ စိတ်ပူခဲ့၏။

အမေက တက္ကသိုလ်ပို့ဖြစ်အောင် ပို့မည်ဟု ပြောသောအခါ ကျွန်တော့် မျှော်လင့်ချက်လေးသည် တစ်ဖန်ပြန်၍ ပီပီပြင်ပြင်ဖြစ်လာခဲ့၏။

အမေ့မျက်နှာသည် မျက်ရည်ဝဲနေသည့်ကြားမှ မာနရိပ်ကလေး ဝင်နေသည်။

"အမေ့မှာ ဆွေရယ်မျိုးရယ် ရှိတာမဟုတ်ဘူးသား။ တစ်ကောင်ကြွက်ဘဝနဲ့ မင်းအဖေရှိတဲ့နေရာကို လင့်တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်လာခဲ့ရတာ။ မင်းအဖေရှိစဉ်တုန်းကလည်း သူ့ဆွေမျိုးဆိုတဲ့လူတွေက ဘယ်သူမှ ဆေးဖော်ကြောဖက် လုပ်တာမဟုတ်ဘူး"

တောသူဌေးသားဘဝမှ အမေ့လို စာမတတ်ပေမတတ် သာမန်ကောက်စိုက်သမတစ်ယောက်ကို ယူလိုက်သဖြင့် အဖေ့မှာ သူ့ဆွေမျိုးကြားတွင် သိသိသာသာ မျက်နှာငယ်ခဲ့ရသည်။

ခု မင်းအဖေမရှိတော့ ပိုဆိုးတာပေါ့"

အဖေ့အသုဘ၌ပင် တစ်ယောက်မှ မလာကြသော အဖေ့ဆွေမျိုးသားချင်းဆိုသူများကို ရင်ထဲနာသွား၏။

"ဒါပေမဲ့ သူတို့မှာရှိတာ ဘာလဲသား၊ ပိုက်ဆံပဲမဟုတ်လား။ တစ်ဆွေလုံး တစ်မျိုးလုံးပေါင်းမှ ခုနစ်တန်းတောင်ပြည့်အောင်မအောင်ဘဲ ငွေမာန်တွေတက်ပြီး လူကို လူလိုမမှတ်နိုင်ကြတာတွေပါ။ ကျောင်းမှာ သားပညာထူးချွန်တယ်ဆိုတဲ့သတင်းကြားတိုင်း သူတို့ ထွန့်ထွန့်လူးခဲ့ကြတယ်မဟုတ်လား"

အမေ့မျက်လုံးတွင် မျက်ရည်များ အစား စူးရဲတောက်ပခြင်းများ အစားထိုးဝင်ရောက်လာသည်။

"ခု သားက အဖေနဲ့အမေ မျက်နှာငယ်ခဲ့သမျှကို ပြန်ပြီး ဂုဏ်တင်ပေးရတော့မယ်သား။ သား တက္ကသိုလ်ကျောင်းကို တက်ဖြစ်အောင်တက်ရမယ်။ ဘွဲ့ရ ပညာတတ်ကြီးတစ်ယောက် ဖြစ်ကိုဖြစ်ရမယ်"

ဤသို့ဖြင့် တက္ကသိုလ်ကျောင်းဖွင့်ချိန်ရောက်သောအခါ ကျွန်တော်သည် မြန်မာစာအဓိကဖြင့် ရန်ကုန်တက္ကသိုလ် ရောက်ခဲ့တော့သည်။

ရွာမှထွက်လာခါနီးတွင် အမေမျက်ရည်ကျသကဲ့သို့ ရွှေဘိုဆောင်အတွင်းသို့ ကံ့ကော်ရိပ်များကြားမှ ဖြတ်ဝင်လာသောအခါ ကျွန်တော့်ရင်သည် ဝမ်းသာမှုဖြင့် တလှပ်လှပ်တုန်ခါနေခဲ့တော့သ ည်။

"တကယ်တော့ တပည့်တို့ရေ၊ တို့တွေဟာ ဘယ်တော့မှ နောက်ကြောင်းပြန်လှည့်လို့မရတဲ့ ခရီးရှည်ကြီးတစ်ခုကို သွားနေရတာကွ။ ဖြတ်လာခဲ့တဲ့ ခရီးလေးတွေကို လွမ်းလှပေမယ့် တမ်းတချိန်မရတော့ဘူးကွာ"

ဆရာ့စကားများ ပြန်ကြားလာသည်။

"တခြားမကြည့်နဲ့၊ တက္ကသိုလ်က ကံ့ကော်ပင်လေးတွေကိုပဲ ကြည့်။ မနှစ်က ကြွေသွားတဲ့အပွင့်လေးတွေကို သူ မလွမ်းတော့ဘူး။ လွမ်းနေရင် ဒီနှစ် ပွင့်နိုင်မှာမဟုတ်ဘူး။ ဒီနှစ် တက္ကသိုလ်မှာ ကံ့ကော်တွေပွင့်မှာပါ၊ မယုံရင် စောင့်ကြည့်"

ဆရာက မလွမ်းနဲ့ဆိုကာမှ ပို၍လွမ်းလာတော့သည်။

လူဆိုတာ လွမ်းတော့ ဘယ်လွမ်းချင်ပါ့မလဲ ခင်လေးရယ် ... မဟုတ်ဘူးလား။

လွမ်းတယ်ဆိုတဲ့ကိစ္စဟာ နာမည်လေးလှသလောက် ခံစားရသူမှာ အပူမီးကြီးလှတယ်။

ဒါပေမဲ့ လွမ်းစရာရှိတော့လည်း ... မလွမ်းချင်ပေမယ့် လွမ်းရတာပဲ။ လွမ်းရလို့ လောင်မြိုက်တဲ့အပူမီးကိုလည်း ရင်စည်းခံရတော့တာပေါ့။

မလွမ်းတန်၊ လွမ်းပြန်ရင် မျက်ရည်စတွေနဲ့ဆိုသလို ...

သတိရတိုင်းရင်နာရတယ် ခင်လေးရယ် ...။

တက္ကသိုလ်ဆိုတာ မလွမ်းတတ်သူတွေလည်း လွမ်းတတ်အောင်သင်ပေးနိုင်တဲ့ ကျောင်းတော်ကြီးပါပဲလား ...။


**"စေတီပုထိုး အဆောက်အဦကြီးများကို ညောင်ပင်သည် ဖျက်ဆီးတတ်၏။ ထိုညောင်ပင်သည် အမှတ်မထင်ကျရောက်လာသော ညောင်စေ့လေးတစ်စေ့မှ အစပြုခဲ့ပေသည်။ ထို့အတူ လူ့ဘဝတွင်လည်း လေးနက်ကြီးမားသောပြဿနာ (သို့မဟုတ်) အဖြစ်အပျက်များသည် အမှတ်မထင်ပြုလုပ်မိသော အဖြစ်အပျက်လေးတစ်ခုမှ အစပြုတတ်၏။ ခင်လေးနှင့် ကျွန်တော့်ဘဝသည်လည်း ဤသို့ပင် ဆိုရမည်ထင်သည်။ တက္ကသိုလ်ကျောင်းသားနှင့် တက္ကသိုလ်ကျောင်းသူ တက္ကသိုလ်တစ်ခုတည်းတွင် အတူတက်နေကြသည်ပဲ။ ဆုံကြတာ ဘာဆန်းသလဲဟု ပြောလျှင်တော့ ပြောနိုင်ပါသည်။ သို့သော် သည်မျှ လွယ်လွယ်ကူကူ ကြုံကြိုက်မိလျှင် ကျွန်တော့်ဘက်ကလည်း သည်မျှ ဖြစ်စရာအကြောင်း . . ."**


အပိုင်း (၂)

( ၁ )

စေတီပုထိုး အဆောက်အဦကြီးများကို ညောင်ပင်သည် ဖျက်ဆီးတတ်၏။ ထိုညောင်ပင်သည်အမှတ်မထင်ကျရောက်လာသော ညောင်စေ့လေးတစ်စေ့မှ အစပြုခဲ့ပေသည်။

ထို့အတူ လူ့ဘဝတွင်လည်း လေးနက်ကြီးမားသောပြဿနာ (သို့မဟုတ်) အဖြစ်အပျက်များသည် အမှတ်မထင် ပြုလုပ်မိသော အဖြစ်အပျက်လေးတစ်ခုမှ အစပြုတတ်၏။

ခင်လေးနှင့် ကျွန်တော့်ဘဝသည်လည်း ဤသို့ပင် ဆိုရမည်ထင်သည်။

တက္ကသိုလ်ကျောင်းသားနှင့် တက္ကသိုလ်ကျောင်းသူ တက္ကသိုလ်တစ်ခုတည်းတွင် အတူတက်နေကြသည်ပဲ။ ဆုံကြတာ ဘာဆန်းသလဲဟု ပြောလျှင်တော့ ပြောနိုင်ပါသည်။

သို့သော် သည်မျှ လွယ်လွယ်ကူကူ ကြုံကြိုက်မိလျှင် ကျွန်တော့်ဘက်ကလည်း သည်မျှ ဖြစ်စရာအကြောင်းမရှိ။

အကြောင်းလေးရှိလာဖို့ အစပြုလာသူက ကျော်ညွန့်။

အချိန်က မှတ်မှတ်ရရ အောက်တိုဘာလဆန်း၊ ကျောင်းတက်ပြီး၍ တစ်လလောက်အကြာ။

"ဟေ့ကောင် ထွန်းဝေ၊ တနင်္ဂနွေနေ့ကျ တို့နဲ့လိုက်ခဲ့ပါလား"

အခန်းထဲတွင် မြို့ထဲမှ ပြန်လာပြီးကာစ ပေါ်ဦးနှင့် လေကန်၍ကောင်းနေဆဲ အခန်းဝမှဝင်လာသော ကျော်ညွန့်က အရင်းအဖျားမရှိသောစကားကို ဆိုသည်။

"အေး ... ကောင်းသားပဲ"

ပေါ်ဦးနှင့် နောက်ပြောင်နေဆဲမို့ အရှိန်မကုန်ဘဲ သူ့ကိုပြန်နောက်လိုက်သည်။

"ဘာကောင်းတာလဲ၊ ဘယ်သွားမှာ မင်းကသိလို့ ကောင်းတာလား"

ကျွန်တော်က ရယ်မောလိုက်ပြီး -

"မသိဘူးလေ၊ မင်းက လိုက်ပါလားဆိုတော့ ကောင်းသားပဲလို့ပဲ ပြောရမှာပေါ့။ နို့ ... နေပါဦး၊ မင်းတို့က ဘယ်သွားမှာလဲ။ တို့ဆိုတာ ဘယ်သူတွေလဲ"

ကျော်ညွန့်က စားပွဲနားမှ ကုလားထိုင်ကို လှမ်းဆွဲ၍ ထိုင်ရင်းနှင့်-

"ဟေ့ကောင်၊ ဘာမှန်းမသိ ညာမှန်းမသိ ခေါ်တိုင်းလိုက်ပုံမျိုးနဲ့ မိန်းကလေးဆို နောက်က တောင်းနဲ့လိုက်ကောက်ရမယ်"

ကျွန်တော်က သူ့စကားကြောင့် ပြုံးတုံးပျာတာ လက်ကာပြီး -

"အဲ ... အဲ ... ဒီလိုအဖြစ်မျိုး ရောက်နိုင်ရင်တော့ ငါမလိုက်ဘူး။ ဒါမျိုးက မင်းနဲ့ဆို ပိုစိတ်မချနိုင်သေးတယ်"

သူ့ပါးစပ်မှ ဆဲသံတစ်ခု ထွက်လာသည်။ ပေါ်ဦးကလည်း အငြိမ်မနေ။

"မင်းတို့စကားတွေကြားရတာ တယ်ကျောချမ်းသကွာ"

ဟိုရောက်သည်ရောက်နှင့် လိုရင်းဝေးသွားသော စကားဝိုင်းကို ကျော်ညွန့်က ပြန်ထိန်းသည်။

"ကဲပါ မင်းတို့လုပ်တာနဲ့ လိုရင်းတောင် မေ့သွားတယ်။ မင်းကိုလာမေးတာ၊ တနင်္ဂနွေနေ့ကျရင် တို့ကယ်မစ်စတြီက မိတ်ဆုံစားပွဲထွက်မလို့၊ အဲဒါလိုက်ခဲ့ပါလား၊ ကိုပေါ်ဦးရောပေါ့"

"ဘယ်သွားမှာလဲ"

အမှတ်မထင် မေးမိသည်။

"သာစုကန်"

"ခင်ဗျားတို့ဟာက စောလှချည်လားဗျာ။ ကျောင်းတက်တာမှ ဘာမှမကြာသေးဘူး၊ အစီအစဉ်တွေဘာတွေ လုပ်နေပြီလား"

ပေါ်ဦး၏အမေးကို ကျော်ညွန့်က ရယ်ကျဲကျဲလုပ်ရင်း -

" မိတ်ဆုံပါလို့ဆိုနေ၊ မိတ်ဖြစ်အောင် ဆုံဖို့ပေါ့။ ခင်ဗျားကသာ စောတယ်ထင်တာ၊ ကျွန်တော်တို့က နောက်တောင်ကျတယ်ထင်သေး။ ကျောင်းမရောက်ခင်ကတည်းက ကြံထားကြတာ"

သုံးယောက်သား ရယ်လိုက်ကြ၏။

"ငါတို့လိုက်လို့ ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"မဟုတ်ဘူးလေ၊ တို့ပါလာလို့ မင်းတို့အကြံကြီးကြံထားတဲ့ထဲကဟာလေးတွေ တို့ဆီ ပဲ့ပါသွားရင် ဆွေးနေမယ်"

ကျော်ညွန့် မျက်စောင်းခပ်ရွဲ့ရွဲ့ရောက်လာသည်။

"အပြောမကြီးပါနဲ့ကွာ၊ တို့ဆိုင်းယင့်က ကောင်မလေးတွေက မင်းတို့အတ်(စ်)က ကောင်တွေကို တောကျီးကန်းလို့ သဘောထားတာပါ"

"တောကျီးကန်းချီမှ ပိုနာမယ်နော်"

ပေါ်ဦးက ကျွန်တော်တို့ ဝိဇ္ဇာသမားများကို ထိသဖြင့် မခံနိုင်၊ ဝင်တွယ်၏။ ကျော်ညွန့်က အလိုက်သင့်ရယ်ရင်း -

"ဒါဖြင့် လိုက်မယ်ပေါ့"

"ဟ ... လိုက်တာပေါ့၊ တို့က ဒီပွဲမျိုးရှာနေတာ"

"ဒါဖြင့် ပေး ... တစ်ယောက်တစ်ဆယ့်ငါးကျပ်"

လက်ဝါးဖြန့်၍ ပြောလိုက်သော သူ့စကားကြောင့် ကျွန်တော်တို့ မျက်လုံးပြူးသွား၏။

"ဟ . . . သာစုကန် ဒီနားလေး၊ တစ်ဆယ့်ငါးကျပ်တောင်လား"

"မှန်တယ်၊ ဒံပေါက်ကျွေးမယ်၊ လိမ္မော်ရည်တိုက်မယ်။ တို့မေဂျာကဆို တစ်ဆယ်၊ အပြင်ဧည့်သည် တစ်ဆယ့်ငါးကျပ်"

ပေါ်ဦးက ခုတင်ပေါ်တွင် ဆတ်ခနဲ ဆောင့်ကြောင့်ထိုင်လိုက်ပြီး -

"ငါးကျပ်က ဘာလို့ပိုရတာလဲ"

ကျော်ညွန့်က ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ရယ်သံကြားမှ -

"အရင်းထဲက ပွန်းပါသွားနိုင်တဲ့အတွက် ပိုယူထားတာ"

"အိုကေ၊ ဒါဖြင့်လိုက်မယ်။ ဟေ့ကောင် ထွန်းဝေ၊ ပေးလိုက် တစ်ဆယ့်ငါးကျပ်။ ခင်ဗျားတို့တော့ ငါးကျပ်နဲ့တန်အောင် ခံဖို့သာပြင်ထား"

**ဆက်လက်ဖော်ပြပါမည်။**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံအိမ်ရာတွင် တည်ရှိသည့် တိုက်အမှတ်(၁၅၇-၂၄၀)၊ စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်တွင် အမည်ပေါက်လျက်ရှိသော အခန်းအမှတ်(၁၀၂) ပထမထပ်/အကျယ်အဝန်း(၁၀၁၂)စတုရန်းပေရှိ တိုက်ခန်းနှင့် လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်လှမြင့် မှတ်ပုံတင်အမှတ်[၁၂/မဂဒ(နိုင်) ဝ၅၃၅၈၁]မှ တရားဝင် အမည်ပေါက် ပိုင်ဆိုင်သူဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကာ ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေအား ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်သဖြင့် အပြီးအပိုင် အရောင်းပြုလုပ်နိုင်ရေးအတွက် ကန့်ကွက်မည့်သူများရှိပါက အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာရွက်စာတမ်းမူရင်းများ ပြသ၍ ယခုကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာမြင့်(LL.B)Law, (B.A) Dramatic Arts**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၀)**
**အမှတ်(၆၈၁/ခ)၊ ဘုရားလမ်း၊ ၁၀/တောင်၊ ၁၂/ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၄၈၀၂၃၂၃၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀ကံဘဲ့၊ မြေကွက်အမှတ်-၅၆/ခ၊၊ ဧရိယာ-၀.၄၇၈ဧကေ၊ မြေကွက်တည်နေရာအမှတ်(၃/ခ)၊ ဦးထွန်းငြိမ်းခြံလမ်း၊ ၁၀ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဒေါ်အေးကျင်) အမည်ပေါက် မြေပိုင်မြေအား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၄၄၇၈/၂၀၀၆(၈-၁၂-၂၀၀၆)၊ အမွေပြင်စာချုပ်အမှတ်-၃၆၉၀/၂၀၁၄(၉-၇-၂၀၁၄) တို့ဖြင့် ပူးတွဲပိုင်ဆိုင်လာသူ ဒေါ်စိန်စိန်ဝင်း[၁၂/ဗဟန(နိုင်)၀၀၈၅၇၈]၊ ဒေါ်မြင့်မြင့်ဝင်း[၁၂/မရက(နိုင်)၀၈၁၃၉၉]၊ ဒေါ်ဝင်းမောင်မောင်[၁၂/မရက(နိုင်)၀၈၂၃၃၄]၊ ဒေါ်ချူမောင်မောင်[၁၂/မရက(နိုင်)၀၈၂၃၃၅]၊ ဒေါ်ဥမ္မာမောင်[၁၂/မရက(နိုင်)၀၈၁၄၀၂]၊ ဒေါ်အေးမောင်မောင်[၁၂/မရက(နိုင်)၀၈၁၅၇၂] တို့အနက် ဒေါ်အေးမောင်မောင်သည် ၁၂-၃-၂၀၀၈ ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ဥမ္မာမောင်သည် အပျိုကြီးဘဝဖြင့် ၁၁-၆-၂၀၂၀ ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်အေးမောင်မောင်၏အစုအတွက် ဦးဇော်သန်းမောင်[၁၂/မရက(နိုင်)၀၈၁၉၄၈]နှင့် ကျန်မောင်နှမများဖြစ်ကြသော ဒေါ်စိန်စိန်ဝင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ဝင်းမောင်မောင်၊ ဒေါ်ချူမောင်မောင်တို့မှ သားသမီးများနှင့် သားမက်တော်စပ်ကြောင်း၊ မြန်မာဗုဒ္ဓဘာသာဓလေ့ထုံးစံနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသော အမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမကျန်ရှိပါကြောင်း၊ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တွင် ဒေါ်စိန်စိန်ဝင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ဝင်းမောင်မောင်နှင့် ဒေါ်ချူမောင်မောင်တို့မှ တစ်ဦးလျှင် (၂၄ပုံ ၅ပုံ)စီနှင့် ဦးဇော်သန်းမောင်မှ (၂၄ပုံ ၁ပုံ)အား အသီးသီးပူးတွဲပိုင်ဆိုင်လာသည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်- ၆၁၆/၂၀၂၂ (၁၃-၁၀-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ်၊ ပိုင်ဆိုင်စာချုပ်၊ အမွေပြင်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဒေါလေ[၁၄/မမန(နိုင်)၀၄၄၁၇၆] နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်-၅၈(B1) နေ ဒေါ်မြမြငွေး[၁၂/အလန(နိုင်) ၀၃၅၂၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ဘုရားချောင်းရှေ့ကွင်း၊ ဦးပိုင်အမှတ်- ၄၀/၂၊ မြေကွက်-၂၇၅/၂၊ ဧရိယာ- (၀.၆၈) ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၉၇၊ ကျွန်းတောလမ်း၊ မြကန်သာရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်သည် မိခင်ကြီးဒေါ်တင်နှင့် သားသမီး(၅)ဦးမှအမည်ပေါက် ပိုင်ဆိုင်ခဲ့ကြပါသည်။ ၎င်းတို့မှာ-

(၁) ဒေါ်တင်
(၂) ဦးတင်ငွေး
(၃) ဒေါ်ဝင်းဝင်းငွေး
(၄) ဒေါ်စန်းငွေး
(၅) ဦးမြင့်အေး
(၆) ဒေါ်ခိုင်ခိုင်ဦးတို့ဖြစ်ကြပြီး အမည်ပေါက်ပိုင်ရှင်အားလုံးမှာ ကွယ်လွန်ခဲ့ကြပြီးဖြစ်၍ အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် အမွေဆိုင်ပစ္စည်းအဖြစ်ကျန်ရှိခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြငွေး[၁၂/အလန(နိုင်)၀၃၅၂၀၁]သည် အမည်ပေါက်ပိုင်ရှင်ကွယ်လွန်သူ (ဦးတင်ငွေး)၏ တရားဝင်ဇနီးဖြစ်ပြီး အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်ပြီး အမွေဆက်ခံခွင့်ရှိသူတစ်ဦး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြငွေး၏ သဘောတူညီမှုမပါဘဲ အထက်တွင်ဖော်ပြထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရန် တားမြစ်ပါကြောင်းနှင့် ထိုသို့ပြုလုပ်ခွင့်မရှိပါကြောင်း ဦးဒေါလေ [၁၄/မမန(နိုင်) ၀၄၄၁၇၆]နှင့်အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေခိုင်သူရ(LL.B,LL.M)** | **ဒေါ်ချိုဝေဇင်(LL.B,LL.M,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၈၀၅/၂၀၁၄)** | **(စဉ်-၇၈၉၉/၂၀၁၁)** |

**အမှတ်-(၃၃/ဘီ)၊ အင်းယားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉-၇၇၇၇၇၇၁၇၀၊ ၀၉-၇၇၉၀၀၁၉၀၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ လူနေရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၄၄/ခ၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရာဇသင်္ကြန်(၂)လမ်း၊ အမှတ်(၄၄/ခ)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်ဝါဝါမြင့် (ဘ) ဦးသောင်းမြင့် [၁၀/သထန (နိုင်)၁၃၉၇၅၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးခင်မောင်သန်း** | **ဦးသက်နိုင်စိုး (LL.B)** |
| **[၆/သရခ(နိုင်)၀၄၃၀၆၉]** | **အထက်တန်းရှေ့နေ (စဉ်-၃၁၈၅၆/၂၀၁၀)** |
| | **အမှတ်-၃၃/၄၉၊ Strand Condominium ၊** |
| | **ရုံးခန်းအမှတ်-၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း ၀၉-၄၃၁၃၀၁၅၁** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်ချုပ်(၂)လမ်း၊ အမှတ်(၃၇၃)၊ (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက် အဆောက်အဦမှ (၁၂ပေခွဲ x ၅၀ပေ)ခန့် အကျယ်အဝန်းရှိ (ပထမထပ်/သုံးလွှာ - B) တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရောက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့် ဒေါ်ဝင်းဝင်းမြင့် [၁၂/သကတ(နိုင်)၀၂၇၁၇၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သန္တာမိုး[၁၂/ပဇတ(နိုင်)၀၀၀၈၉၂]သည် အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဦး (စဉ်-၄၄၄၉၄)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း - ၀၉-၉၆၁၆၀၆၀၆၁**

### ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၀-၁၂-၂၀၂၃ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ (၂၉) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ် (၂) ဦးစိုးမိုးအောင် ၏ အရောင်းမြေပုံကူးတွင် ကိုယ်စားလှယ်လွှဲစာလွှဲအပ်သူ ဦးသိန်းထိုက်အောင်၏ မှတ်ပုံတင်အမှတ်(၁၂/သကတ(နိုင်)၁၀၅၄၈၉) ဟုအမှန်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပေးပါရန်

၁-၃-၂၀၂၄ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ (၂၈) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ်(၂) ဒေါ်အေးချင်+၁ ၏ အမည်ပြောင်း တွင် လျှောက်ထားသူအမည် ဒေါ်အေးချင်+၁ အစား ဒေါ်အေးချင် ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၁၃၀)ရှိ (၂)ခန်းတွဲ RC (၄)ထပ်တိုက်မှ ပထမထပ်(၂-လွှာ)၊ မျက်နှာမူလျှင်(ယာ-ဘက်)ခန်း၊ ဧရိယာ(၅၁၇.၅) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးကျော်စွာဝင်း [၁၂/မဂဒ(နိုင်)၀၉၈၄၂၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မေစုထွေး [၁၀/မဒန(နိုင်)၁၉၆၂၆၂] က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေစုထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင်(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉-၅၄၀၁၉၄၀** | **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြော်ငြာခြင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၆၀၊မြေကွက်အမှတ်-၁၁၀၁၊ ဧရိယာ(၀.၀၆၃)ဧက၊မြေကွက်တည်နေရာအမှတ်(၁၁၀၁)၊ရတနာလမ်းသွယ်လမ်း၊(၆၀)ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ဦးတင်ဝင်း(ခ)မာကျွင်းယူ(၉/မမန(နိုင်)၀၃၇၀၂၇)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်ဦးတင်ဝင်း(ခ)မာကျွင်းယူ(၉/မမန(နိုင်)၀၃၇၀၂၇)မှဂရန်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်၊ရဲစခန်းထောက်ခံစာ၊ကိုယ်တိုင်ဝန်ခံချက်နှင့်အဆိုပါမြေကွက်၏ဂရန်မူရင်းမှာနေအိမ်ပြောင်းရွှေ့စဉ်ပျောက်ဆုံးသွားကြောင်း၊အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်းထားခြင်းမရှိကြောင်းနှင့်ပြဿနာပေါ်ပေါက်ပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းဝန်ခံကတိပြုကတိသစ္စာပြုလွှာအမှတ်-၂၅၃၁/၂၀၂၃(၁၇-၁-၂၀၂၃)တို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာရာဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီမြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့်သတင်းစာကြော်ငြာပြီးကန့်ကွက်သူမရှိပါသဖြင့်ဂရန်မိတ္တူလျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါ၍မြို့မြေစာရင်းတွင်အမှုတွဲအမှတ်-ဒဂဆက(L-၁၇/၆၀)၁၆၁၀/၂၀၁၃အရ၂၅-၃-၂၀၁၃ရက်နေ့တွင်ထုတ်ပေးခဲ့သောနှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်းအားရုံးတွင်းအမိန့်ဖြင့်ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့်ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ဝါးတန်းလမ်း၊ တိုက်အမှတ်(၇၁)၊ (၈)လွှာ (ဝဲဘက်အခြမ်း)၊ အကျယ်အဝန်း (၁၂. ၆ပေ x၅၀ပေ)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ရေ၊ မီးအပြည့်အစုံနှင့်တကွ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော (၁) ဦးသိန်းအောင် [၇/သဝတ(နိုင်)၀၆၄၃၇၉]နှင့် (၂) ဒေါ်သီဂီဝင်း [၁၂/ကတန(နိုင်)၀၅၇၄၁၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၄)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန်းစန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၁၂)**
**ရုံးအမှတ် (၆၂)၊ ပထမထပ်၊ အခန်းအမှတ် (၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊(၁၆/၂)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၂/ခ)နေ (အဖ) ဦးဝင်းသန်းဦး၏သား နိုင်ငံသားအမှတ် [၁၀/မဒန(နိုင်)၁၆၂၆၄၅]ကိုင်ဆောင်သူ ဦးသန်းအောင်လင်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရွှေသောင်ယံမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရွှေစေတီလမ်း၊ အမှတ်(၁၁၀)နေ(အဖ)ဦးပန်းနွယ်၏သား နိုင်ငံသားအမှတ်[၁၄/ပသန(နိုင်)၁၆၇၄၅၁]ကိုင်ဆောင်သူ ဦးဝင်းရွှေ ပိုင်ဆိုင်သော ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ရပ်ကွက်/ကျေးရွာ-ရကအ(၃)၊ ကွင်းအကွက်အမှတ်နှင့်အမည်-၁၉၉၄(ပြင်)-မကျီး( ပြင်)၊ ဦးပိုင်မြေကွက်အမှတ်-(၁၁၄)၊ မြေအမျိုးအစား-(G)၊ဧရိယာ(၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်သူ ဦးဝင်းရွှေက တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းအောင်လင်းက အပြီးအပိုင် တရားဝင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ပိုင်ရေးပိုင်ခွင့်ရှိသူများ အနေဖြင့် ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အထောက်အထားခိုင်လုံမှုမရှိဘဲ လာရောက်ကန့်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ကိုကို(ဘဏ်)**
**B.Sc.(Phy),H.G.P,D.B.L,D.M.L,D.I.L,D.A.Psy,WIPO(Switzerland)P.G.D.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၇)**

| | |
|---|---|
| **ဒေါ်နေခြည်ဝင်းထွဋ်(LL.B,WIPO)** | **ဒေါ်စန္ဒာအောင်(LL.B,LL.M,WIPO)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၁၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၀၀)** |

**ဒေါ်မိုးပြည့်လှိုင်(LL.B,WIPO)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၈၅၇)**
**အမှတ်-၃၃/၄၉၊ ရှိုင်းကွန်ဒို(မြေညီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၀၅၅၆၇၊၀၉-၉၆၂၈၈၆၈၈၅**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုကျော်ကျော်ဟန် [၇/ပမန(နိုင်) ၀၀၃၇၄၇] CDC အမှတ် 43203 ၏ သင်္ဘောသား လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-09-251333477**

### အမည်ပြောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဘ)ဦးမိုးကျော်သူ [၆/ထဝန(နိုင်)၀၆၃၂၄၈] ၏ သမီးဖြစ်သူ မစံဝန်းရံမိုးအား မမေသဒါမိုးပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၂-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂)GPဒေါ်ယဉ်နွယ်ဦး၏အရောင်းမြေပုံကူးတွင်မြေတိုင်းရပ်ကွက်(၂)အစားမြေတိုင်းရပ်ကွက်-သကတ(၂)ဟုအမှန်ဖတ်ရှုပါရန်။

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်တင်တင်မြင့် [၁၂/မဂတ(နိုင်)၀၅၆၂၅၅] ကိုင်ဆောင်သူ အမှတ်(၅၇)၊ (၅)လွှာ၊ (၁၀၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ ဦးသန်းမြင့် [၁၂/မဂတ(နိုင်)၀၆၉၆၆၈]ကိုင်ဆောင်သူ အမှတ်(၂၃)၊ ပထမထပ်၊ (၉၇)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေသူနှင့် ဒေါ်တင်မိုးခိုင် [၁၂/မဂတ(နိုင်)၀၇၅၀၃၁]ကိုင်ဆောင်သူအမှတ်(၂၃)၊ (၇)လွှာ၊ (၉၇)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်-

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၇)လမ်း၊ အမှတ်(၂၃)၊ (၃)လွှာ၊ မျက်နှာမူညာဘက်ခန်း၊ (၁၄ ပေ x၄၈ပေ)အကျယ် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်၊ စိန်၊ ရွှေ၊ လက်ဝတ်ရတနာ စုစုပေါင်း ပစ္စည်း (၁၀)မျိုးနှင့် ငွေသားကျပ် သိန်း(၉၀)တို့မှာ အပျိုကြီးဘဝဖြင့် ကွယ်လွန်သူ ဒေါ်တင်တင်ဦး [၁၂/မဂတ(နိုင်)၀၆၉၅၈၁]ကိုင်ဆောင်သူ၏ ကျန်ရစ်သော အမွေပစ္စည်းများဖြစ်ပြီး၊ ကျွန်ုပ်တို့မိတ်ဆွေများသည် ကွယ်လွန်သူ အမွေရှင်၏ မောင်နှမအရင်းများဖြစ်၍ အမွေဆက်ခံသူများဖြစ်ကြသော ဒေါ်တင်တင်မြင့်၊ ဦးသန်းမြင့်၊ ဒေါ်တင်မိုးခိုင်တို့၏ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှအမွေရှင် ကျန်ရစ်သော ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအား ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာပါသည်။ အကယ်၍ ကျွန်ုပ်တို့မိတ်ဆွေ (၃)ဦး၏ ခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ အမွေပစ္စည်းများအား တစ်နည်းနည်းဖြင့် လွှဲပြောင်း၊ ရောင်းချခြင်းများ ပြုလုပ်ခဲ့လျှင် ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်နီတာလွင်(စဉ်-၁၂၀၁၇)** | **ဒေါ်အေးသူဇာမြင့်(စဉ်-၁၈၃၇၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၉၈)၊ (A-9)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့။**
**ဖုန်း - ၀၉ - ၅၀၈၅၁၀၄**

## မြန်မာဂေါက်သီးရိုက်အသင်းသားများ သိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၊ ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၂၃ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အထွေထွေအစည်းအဝေးအား ၃၁-၃-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၀၀နာရီတွင် အသင်းတိုက်မှန်လုံခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းသားများ အနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၁-၁-၂၀၂၃ မှ ၃၁-၁၂-၂၀၂၃ အထိ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို ၅-၃-၂၀၂၄ ရက်နေ့မှစ၍ Green Fees ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ I)၊ မြေကွက်အမှတ်(၁၁၂-A/၂၉/B)၊ ဧရိယာ(၀.၂၂၅)ဧက၊ မြေပိုင်မြေကွက်နှင့် မြေကွက်အမှတ်(၁၁၂- A/၂၉/A)၊ ဧရိယာ(၀.၀၆၃)ဧကရှိ မြေပိုင်မြေကွက် (၂)ကွက်၊ (တစ်နည်းအားဖြင့် အမှတ် - ၃၀၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့) ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သီရိညွန့် [၁၂/စခန(နိုင်)၀၄၃၀၁၉]၊ ဒေါ်နီလာ (ခ)ရာသား [၁၂/စခန(နိုင်)၀၄၄၂၄၄] နှင့် ဦးအောင် မြတ်ဝင်း [၁၂/ပဘတ(နိုင်)၀၃၁၃၁၃]တို့၏အမည်ဖြင့် မှတ်သားထားပါသည်။ ၎င်းတို့ထံမှ ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် -၁၈၉၁၈/၂၀၂၃နှင့် ၁၈၉၁၉/၂၀၂၃ ရသူ ဦးသူရထက်အောင် [၁၂/မဂတ(နိုင်)၁၀၃၄၇၂]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ အကျိုးသက်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုနန္ဒာထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၇)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၁၀၅၁၁၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇ A နံ့သာကုန်း၊ မြေကွက်အမှတ်-၄၄၊ ဧရိယာ(၀.၃၅၂)ဧက၊ မြေကွက်တည်နေရာအမှတ်-၉၀၄၊ ရှမ်းကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ မောင်ဘိုးချံ အမည်ပေါက်၊ မြေပိုင်မြေ(အိမ်ရာမြေဝန်ခံချက်ထုတ်)မြေအား ၁။နော်ဖြူးလာ[၁၂/အစန(နိုင်)၀၂၆၁၄၅]၊ ၂။ဦးစောဂျော့[၁၂/အစန(နိုင်)၀၂၇၅၇၆]၊ ၃။ ဦးထွန်းဝင်းစိုး [၁၂/အစန(နိုင်)၀၇၀၄၉၁]တို့မှ အင်းစိန်ခရိုင်တရားရုံး ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၈ ဖြင့် ကွယ်လွန်သူ ဦးဘိုးချံ၏ ကျန်ရစ်သောပစ္စည်းများနှင့် ပတ်သက်၍ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အမွေဆက်ခံခြင်း အက်ဥပဒေအရ အမွေထိန်း လက်မှတ်စာထုတ်ပေးပါရန် လျှောက်ထားရာခွင့်ပြုသည့်(၁၆-၃-၂၀၂၃)ရက်စွဲပါအမိန့်၊ (၂၇-၄-၂၀၂၃) ရက်စွဲပါ အမွေထိန်းလက်မှတ်စာ၊ အင်းစိန်ခရိုင်တရားရုံး၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၃ ဖြင့် (၂၇-၄-၂၀၂၃)ရက်စွဲပါ အမွေထိန်းလက်မှတ်စာ ရရှိထားသဖြင့် အဆိုပါမရွှေ့ပြောင်းနိုင်သောပစ္စည်းအား အရပ်ရပ်စီမံခန့်ခွဲခွင့်ပြုပါရန် လျှောက်ထားရာ ဖော်ပြပါမြေကွက်(၀.၃၅၂)ဧက အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် အစိတ်အပိုင်း၊ (အလျားxအနံ)(၁၈/၁၈x ၈၀/ ၈၂)ပေ၊ (အလျားxအနံ)၊ (၁၈'/၁၈'x၈၂'/၈၃')အား ရောင်းချမိန့်ခွင့်ပြုကြောင်းချမှတ်သည့်(၂၁-၇-၂၀၂၃)ရက်စွဲပါ အမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ မြေကွက်၏အစိတ်အပိုင်း(Portion)အား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄အီး၊ မြေကွက်အမှတ် ၁၇၊ (၀.၁၀၃)ဧက၊ မြေကွက်တည်နေရာ- အမှတ်-၄၄၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးမောင်မောင်မြင့် [၁၂/တမန(နိုင်)၀၄၆၅၅၂]၊ ဒေါ်သင်းကြည်[၁၂/ရကန(နိုင်)၀၅၆၁၂၆]၊ ဒေါ်မြညွန့်(ခ) ဒေါ်မြမြမော်[၁၂/တမန(နိုင်) ၀၄၇၂၄၄]၊ ဒေါ်ခင်ခင်ဌေး[၁၂/တမန(နိုင်)၀၄၈၂၇၂]၊ ဦးဝင်းအောင် [၁၂/တမန(နိုင်) ၀၆၄၁၂၃)၊ ဦးနေဝင်း [၁၂/တမန(နိုင်)၀၄၆၃၉၁] အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပေါက်(၆)ဦးအနက် ဒေါ်မြညွန့်(ခ)ဒေါ်မြမြမော်(အပျိုကြီးဘဝဖြင့်ကွယ်လွန်)၊ ဦးဝင်းအောင်(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်သန်းသန်းဦး [၁၂/တမန(နိုင်)၀၄၈၂၇၃]မှ ဦးမောင်မောင်မြင့်နှင့်ဇနီး ဒေါ်မိမိသန်းတို့ ကွယ်လွန်သဖြင့် ၎င်းတို့၏သမီး(၂)ဦးအနက် ဒေါ်မိုးမိုးစံနှင့် ၎င်း၏ခင်ပွန်းဦးအောင်အောင်မြတ်တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးခွန်စံ [၁၂/တမန(နိုင်)၁၀၂၇၀၃] နှင့် ကျန်သမီးတစ်ဦးဖြစ်သူ ဒေါ်ခိုင်ညွန့်တင်[၁၂/တမန(နိုင်)၀၄၇၃၁၄]တို့နှင့်အတူ ကျန်အမည်ပေါက်များ ဖြစ်ကြသော ဒေါ်ခင်ခင်ဌေး [၁၂/တမန(နိုင်)၀၄၈၂၇၂]၊ ဦးနေဝင်း [၁၂/တမန(နိုင်)၀၄၆၃၉၁] နှင့် ဒေါ်သင်းကြည်[၁၂/ရကန(နိုင်) ၀၅၆၁၂၆]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၀၈၄/၂၀၁၂(၃-၁၂-၂၀၁၂)ရသူ ဦးကျော်မိုးအောင် [၁၂/ရကန(နိုင်) ၀၃၈၈၃၀]တို့မှ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေဆုံးမှုလက်မှတ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူသက်ရှိ ထင်ရှားရှိကြောင်းနှင့် ပြန်လည်မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဦးမောင်မောင်စန်း(ဘ) ဦးကျော်စိန် နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၄/မမက(နိုင်)၀၀၁၈၅၆]၏ သမီးဖြစ်သူ မချောဆုသွေး (ခ) မခေတ်ဆုသွေး၏ အမည်မှန်ကို "မခေတ်ဆုသွေး" ဟု ခေါ်ဆိုပါရန် ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ်(၈၁၈/က)၊ မြေကွက်တည်နေရာ - အမှတ် -(၈၁၈/က)၊ မာဃ (၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးတင်ဖေ) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား [၁၂/ဥကတ(နိုင်)၁၁၉၃၉၆]အမည်ပေါက် ဦးတင်ဖေ၏ မြေကွက်အား ဦးတင်ဖေ၏ GP ဦးထွန်းရ [၁၂/ဒလန(နိုင်) ၀၁၁၈၉၀] မြေစာရင်းမှတ်ချက်(၁)ရှိ ၂၀၀၀ခုနှစ် ဘဏ်ချေးမြေပုံမူရင်းမှာ မည်သည့်ဘဏ်တွင်မျှ ငွေချေးယူခဲ့ခြင်း မရှိပါကြောင်းနှင့် အဆိုပါ ဘဏ်ချေး မြေပုံအား မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းထားခြင်းတို့ မရှိပါကြောင်း အဆိုပါ ဘဏ်ချေးမြေပုံမှာ အမှန်တကယ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါ ဘဏ်ချေး မြေပုံ ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၂/၈၁၀/၂၀၂၃ (၂၁-၁၂-၂၀၂၃) ဂရန်မူရင်း၊ နိုင်၊ ကတ်၊ GP မူရင်းတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် ထပ်မံမြေပုံကူး လျှောက်ထားလာမှုအပေါ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါ သည်။

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန နှင့် ပီတီတီအီးပီအင်တာနေရှင်နယ်လီမိတက် (ရန်ကုန်ရုံးခွဲ) ရတနာစီမံကိန်းတို့ ပူးပေါင်း၍ ဂဟေဆက်သင်တန်းအမှတ်စဉ် (၁၈) အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

| | | |
|---|---|---|
| **သင်တန်းဖွင့်လှစ်မည့်ရက်** | - | ၂၀၂၄ ခုနှစ်၊ မေလ ( ၆ ) ရက် |
| **သင်တန်းဖွင့်လှစ်မည့်နေရာ** | - | ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း (အောင်ဆန်း)၊ အောက်မင်္ဂလာဒုံ လမ်းမကြီး၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း - ၀၉-၇၇၇၃၈၇၃၆၉၊ ၀၁-၆၄၅၇၅၉ |
| **သင်တန်းကာလ** | - | ရက်သတ္တပတ် (၁၂) ပတ် |

၂။ သင်တန်းသား (၁၅) ဦး လက်ခံ သင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည် အခြေခံပညာအလယ်တန်း အောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာ နားလည်သူဖြစ်ရမည်။ နည်းပညာနှင့် သက်မွေးပညာ လုပ်ငန်း သဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး ဂဟေဆက် လက်တွေ့လုပ်ငန်းအား အမှန်တကယ် လုပ်ကိုင်နိုင်သူ ဖြစ်ရပါမည်။ အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ရပါမည်။ သင်တန်းတက်ခွင့်ရသောနေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက်မကြီးသူဖြစ်ရပါမည်။ Interview ဖြေဆိုရမည်ဖြစ်ပါသည်။

၄။ တက်ရောက်ခွင့်ရရှိသူများသည် သင်တန်းကြေးအခမဲ့ဖြစ်ပြီး၊ သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း လစဉ်ငွေကျပ်(၃၀,၀၀၀)ကို ရတနာစီမံကိန်းမှ ထောက်ပံ့ပေးမည် ဖြစ်ပါသည်။ သင်တန်းသားအတွက် လိုအပ်သော လုပ်ငန်းခွင် ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment) အတွက် ကုန်ကျစရိတ်ထဲမှ ငွေကျပ် (၁၀၀,၀၀၀) ကို ရတနာစီမံကိန်းမှ ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျန်ပမာဏကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရမည်ဖြစ်ပါသည်။

၅။ သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း (အောင်ဆန်း) တွင် (၁၄-၃-၂၀၂၄) ရက်နေ့မှ စတင်၍ နံနက် ၉:၃၀ မှ ညနေ ၄:၀၀ နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား (၆) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဆိုဒ် ရောင်စုံဓာတ်ပုံ (၂) ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် (မူရင်း) တို့နှင့်အတူ အဆိုပါ သင်တန်းကျောင်းတွင် (၂၆-၄-၂၀၂၄) ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အထက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## အများသိစေရန်ကြော်ငြာခြင်း

Quicken Trust Microfinance Company Limited ကုမ္ပဏီ လိုင်စင်အမှတ်- ၁၀၇၅၉၂၈၀၆ နှင့် ယာယီလိုင်စင်အမှတ် ၀၃၁၀/၂၀၁၉ ၏ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်ဝင်းသိန်း [၉/လဝန(နိုင်)၀၀၈၇၅၈] သည် ဒါရိုက်တာအဖွဲ့မှ (၁၆-၅-၂၀၂၁)နေ့တွင် နုတ်ထွက်ပြီးပါကြောင်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ စာအမှတ် -ငကစ/ကက-၆ (၇၄/၂၀၁၅)အရ အများပြည်သူနှင့် အသင်းသားများသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**Quicken Trust Microfinance Co.,Ltd.**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

